ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်စုံထွန်းစာပေ

# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်








# သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာ ရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ငရဲဆိုတာရှိသလား...၊ဝဋ်လိုက်တယ်ဆိုတာ တကယ်လား...၊
ကောင်းတာလုပ်ရင် ဘာဖြစ်မလဲ...၊မကောင်းတာလုပ်ရင် ဘာဖြစ်သလဲ... စတဲ့ မေးခွန်းများကို
သိဖို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

## ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလ္လင်ပျံရရှိသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာဃလုလင် (သိကြားမင်းကြီး ဦးမာဃ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်း၍ငြိမ်းသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွန်း+ မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဖောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- ၃၈ ဖြာမင်္ဂလာ
- ကောသလမင်းအိပ်မက် (၁၆ )ချက်
- အရှင်မဟာမောဂ္ဂလာန်
- ဝိပါတ်တော်ဆယ့်နှစ်ပါး
- ငရဲကြီးရှစ်ထပ်
- ဆဒ္ဒန်ဆင်မင်း နှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- ငါးပါးပဥ္စသီ
- ရဟန္တာအရှင် ရှင်ဥပဂုတ္တ
- ပညာရှိအဘိုးအိုနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟာတဲ့မိကျောင်းနှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှဲကုန်သည်နှင့် ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရာ့ငါးဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နှစ်ပါးနှင့် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဋဋူဘမင်း နှင့် ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ဂဇာဆရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗိမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာအပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု–သ–န–သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲဝံ့စွန့်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ဒွေးမယ်နှော် ပုံပြင်ကမ္ဘာ ပုံပြင်များ
- နတ်သားဖြစ်မည့် ဖားကလေးနှင့်ဝိမာနဝတ္ထုလာဇာတ်လမ်းများ
- ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏လျှောက်ထုံး ဟာသဇာတ်လမ်းများ
- သီလ၏အစွမ်းနှင့်ငါးရာ့ငါးဆယ် ရုပ်စုံဇာတ်လမ်းများ
- တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာ
- ဖခင်မေတ္တာ
- အင်္ဂုလိမာလနှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- အတုလရှင်ရသေ့ဖြတ်ထုံးများနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- နောင်တော်ကြီးမင်းနှင့်မင်္ဂလာပုံပြင်များ

ဆုပြည့်စုံထွန်းစာပေ
အမှတ်–၅၀၀/၅၁၂(၂–ခ)(ပထမထပ်)၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၇၃၆၆၄၊ ၃၇၆၇၃၃။

# ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

---------------------- ၏ စာအုပ် ဖြစ်ပါသည်။

---------------------- က ဝယ်ပေးပါသည်။


**ဆုပြည့်စုံထွန်းစာပေ**

အမှတ် – ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃

**အယ်ဒီတာချုပ်**

ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**

မျိုးဇော်ထက်

**အုပ်ချုပ်မှုအယ်ဒီတာ**

ခင်မာရွှေ

**အမှုဆောင်အယ်ဒီတာ**

လင်းသက်ခိုင်

**အယ်ဒီတာအဖွဲ့**

ဉာဏ်လင်းထက်

**ရုံးအဖွဲ့**

ကိုစိုးသိန်း၊ ရှိုင်းကိုကိုနိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊

ဝင်းဝင်းမော်၊ သဇ္ဇာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

ဝဏ္ဏအောင်

Computer

မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ ပိုပိုဇင်၊ အိဖြူ၊ မီမီဇင်၊

Film - Eagle

layout - Quality

**ပုံနှိပ်သူ** - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**စာအုပ်ချုပ်** - တင်မေထွန်း

**ကြော်ငြာတာဝန်ခံ**

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

**ထုတ်ဝေသူ**- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

**အုပ်ရေ - ၅၀၀**

**တန်ဖိုး - ၁၂၀၀ ကျပ်**

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**

အမှတ် -၅၀၈/၅၁၂၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



http:/Quality.myanmaronlinesales.com

တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု ဝယ်ယူနိုင်ပါသည်။

**အထက်မြန်မာပြည်ဖြန့်ချိရေး**

နဂါးစာပေ — ဖုန်း -၀၂-၃၉၈၆၉

ထွန်းဦးစာပေ — ဖုန်း -၀၂-၃၉၈၀၁

**ရှမ်းပြည်နယ်ဖြန့်ချိရေး**

မီလျံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁- ၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

**လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။**

# ပုံပြင်ကမ္ဘာ

## ကလေးရုပ်စုံစာစောင်

အမှတ် (၁၉) ၊ စက်တင်ဘာလ ၊ ၂၀၁၃ ခုနှစ်။


| | | |
|---|---|---|
| ဝက်လက်သမားနှင့်ကျားစဉ်းလဲ | ကာတွန်းမြတ်နိုး | ၅ |
| ရော့ပတ္တမြားရော့နဂါး | ကာတွန်းတေဇ | ၁၉ |
| မေတ္တာရှာ၏ထိုက်သူစံပုံပြင် | သီဟဇော်(မြစ်ဝကျွန်းပေါ်) | ၂၅ |
| ဖွဲကောင်းသည့်ပုရွက်ဆိတ် | အောက်တိုဘာအောင်ကြီး | ၂၉ |
| မယ်လက်မကလေး | နှယည် | ၃၃ |
| ကြွက်နှင့်ဆင် | နိုင်ငံတကာပုံပြင် | ၄၁ |
| လက်ပံတောင်းတောင်ကမနှင်းချို | ခွန်းချိုသံသာ | ၄၉ |
| ရေထဲကမြွေ | ကာတွန်းပေါ်ကာ | ၅၃ |
| ရဲရင့်သောကျီးမင်း | လင်းသက်ခိုင် | ၆၅ |
| အလမ္မာယ်အစပလွှေက | ကာတွန်းဆန်းထွန်း | ၆၇ |
| ပုဏ္ဏားကြီးစိတ်ဆိုးသလား | မိုး–ရွှေညာမြေ | ၇၇ |
| လူပျင်းရဲ့နှိုဝုံး | အရုပ်ဖော်မောင်ရဲသူ ရန်ကုန်တက္ကသိုလ် | ၈၁ |
| ပညာရှိကလေးမောင်ဉာဏ်ထက် | နန္ဒာမိုးကြယ် | ၉၆ |
| ဂါလီဗာခရီးစဉ် | နိုင်ငံတကာပုံပြင် | ၉၈ |

# အယ်ဒီတာ့စကား

ဟိုးရှေးရှေးတုန်းကတဲ့ကွယ် တိုင်းပြည်တစ်ပြည်ရဲ့နယ်မြို့လေးတစ်မြို့မှာလူငယ်လေးတစ်ယောက်ရှိခဲ့သတဲ့။ ဒီလူငယ်လေးက ပညာအရာမှာ ထူးချွန်တာကြောင့် တစ်ဆင့်စကားတစ်ဆင့်နားနဲ့ဘုရင်ကသူ့အကြောင်းသိသွားပြီးနန်းတော်မှာအမတ်အဖြစ်ခေါ်ယူခန့်ထားခဲ့တယ်။ဒီအမတ်ငယ်ဟာပညာကထူးချွန်ပြီးအလုပ်လုပ်တဲ့နေရာမှာလည်း ဖွဲ့ကောင်းကောင်းနဲ့လုပ်တဲ့အတွက် သူလုပ်သမျှအလုပ်အားလုံးလိုလိုဟာအောင်မြင်တာများသတဲ့။ ဒီတော့ဘုရင်ကြီးကသူ့ကိုချီးမြှင့်မြှောက်စားလာတဲ့အခါ နန်းတော်ထဲမှာသူ့ကို မနာလိုတဲ့ သူတွေများလာသတဲ့ကွယ်။ ဘုရင်ကြီးရဲ့ကွယ်ရာမှာ နန်းတော်ထဲကအမတ်အိုအမတ်ဟောင်းတွေကဒီအမတ်ကလေးဟာ ဘုရင်ကြီးကိုမြှောက်ပင့်ပြောဆိုပြီး ရာထူးတွေ ရယူလာတဲ့အကြောင်း တိုးတိုးတိတ်တိတ်နဲ့ အတင်းပြောကြတယ်။ ဒါကိုကြားသိသွားတဲ့ဘုရင်ကြီးက တစ်နေ့ညီလာခံလူစုံချိန်မှာ သင်ပုန်းတစ်ခုပေါ် မျဉ်းတစ်ကြောင်းဆွဲလိုက်ပြီး ဒီမျဉ်းကြောင်းကိုမဖျက်ဘဲ တိုသွားအောင်လုပ်ကြဖို့အမတ်တွေကိုခိုင်းတယ်။ အမတ်ချုပ်ကြီးက စလို့ အမတ်ဟောင်းတွေ အမတ်ချုပ်ကြီးရဲ့သားအမတ်၊ သားမက်အမတ်တွေ၊ အမတ်တွေနဲ့ပေါင်းသင်းပြီးနန်းတော်ထဲရောက်လာတဲ့အမတ်တွေ တစ်ယောက်မှ မျဉ်းကြောင်းကိုတိုအောင်မလုပ်နိုင်ကြဘဲ ခေါင်းပူခေါင်းခြောက်နေကြတာပေါ့။ ဒီအချိန်မှာ ပညာရှိအမတ်လေးက မြေဖြူတစ်ခဲယူပြီး မင်းကြီးရဲ့မျဉ်းအောက်ကနေ ပိုရှည်တဲ့မျဉ်းတစ်ကြောင်းကိုဆွဲလိုက်တယ်။ ဒီတော့မင်းကြီးရဲ့မျဉ်းက ဖျက်စရာမလိုဘဲ တိုသွားတော့တာပေါ့။ ဒီတော့မှမင်းကြီးက အမတ်ချုပ်ကြီးနဲ့ အပေါင်းအပါတွေကို အမတ်ငယ်ရဲ့ဉာဏ်ပညာကို အမတ်ချုပ်ကြီးတို့လက်တွေ့မြင်ကြပြီမဟုတ်လား။ ပညာဉာဏ်ကြီးသူကို ငါချီးမြှောက်ရာမှာ မလိုမုန်းထားသူများရှိရင် ငါကိုယ်တော်အရေးယူမှာသိထားကြပါလို့ မိန့်ကြားပြီး အမတ်ငယ်ကိုဆုတော်လာဘ်တော်တွေချပါတယ်။

ပညာထူးချွန်တဲ့သူဟာ ပရိသတ်အလယ် တင့်တယ်တာကို ကလေးတို့သိစေချင်ပါတယ်။

# ဝက်လက်သမားနှင့်ကျားစင်းလဲ

ကာတွန်း-မြတ်နိုး




ဝက်ငယ်သည် အရွယ်ရောက်လာသောအခါ၊ အလွန်ထွားကျိုင်းသည့်အပြင် အလွန်လည်း လိမ္မာ၏။
လက်သမားမွေးထားသောဝက်ဖြစ်၍ ဝက်လက်သမားဟု ခေါ်ကြလေ၏။
ဝက်လက်သမားသည် သခင်က သစ်ခွဲသောအခါ၊ သစ်တုံးကို လှိမ့်၍ပေး၏။
အလိုရှိ၍ ခိုင်းလျှင် ပဲကွပ်၊ ပုဆိန်၊ ဆောက်၊ လက်ရိုက် တို့ကို ကိုက်၍ ချီယူပေး၏။
မျဉ်းရိုက်လိုသောအခါ၊ မျဉ်းကြိုးကို တစ်ဖက်စွန်းမှ ကိုက်ကာ ဆွဲပေး၏။
လက်သမားသည်...
ထိုဝက်ကို အလွန်ချစ်ခင်ရကား၊ ရွာမှ နေလျှင် သူတစ်ပါးသတ်စား မည်စိုးသဖြင့် တောသို့လွှတ် ချေ၏။
သားရေ့..သွားတော့ကွယ့်
သွား..သွား..
အိ..အိ..

ဝက်လက်သမားသည် တောသို့ဝင်၍ နေရာကောင်းကိုရှာရာ တောင်ကြားမှရှိသော ချောက်ကြီး တစ်ခုကိုတွေ့လေ၏။ ချိုမြိန်သော သစ်ဥ၊ သစ်ဖု၊ သစ်သီးများရှိပြီး တောဝက်တို့၏နေရာဖြစ်လေ၏။



တောဝက်များလည်း ဝက်လက်သမားအား ဆီးစုရုံးရောက်ရှိကြရာ ဝက်လက်သမားက..







ကျားတစ်ကောင်သည် နေ့စဉ် နံနက်တိုင်း ဆင်းလာ၍.. ဝက် တစ်ကောင်ကို ကိုက်ချီလေ့ ရှိပါသည်..
ကျားသည်.. အဘယ်နှစ်ကောင် ရှိသနည်း..
တစ်ကောင်တည်း ဖြစ်ပါသည်..
သင်တို့မှာ.. ဝက်များစွာရှိပါလျက်.. ကျားတစ်ကောင်ကိုပင် တိုက်ခိုက်ရန် မစွမ်းဆောင်နိုင်ကြသလော..
ငါတို့ မတိုက်နိုင် ကြပါ..
ညံ့ပါ
ကောင်းပြီ၊ ထိုကျားကို ငါဖမ်းအံ့.. ငါ့စကားကို သင်တို့ လိုက်နာကြမည်လော..
လိုက်နာပါ မည်..
ဝက်လက်သမားလည်း အစအရာတွေ၍ ကျားနှင့် စစ်တိုက်ရန် စီစဉ်၏။


ဝက်လက်သမားက ဦးဆုံး စစ်ဆင်မည့် အရပ်ကို ရှာ၏။
ကျားက.. ဒီတောမြေမှာ နေတာဆိုတော့.. ဒီလမ်းက လာမှာပဲ..
ထို့နောက် ပညာရှိကြီးကဲ့သို့.. အထပ်ထပ် စစ်ဆင်နည်းအရ.. အလယ်တွင် ဝက်ငယ်များနှင့် ဝက်အိုများထားပြီး.. ဝက်ပျိုဖြ ဝိုင်းကို ထိန်းရံထားလေ၏။
ဝက်ပျို..
ဝက်ငယ် ဝက်အို
ဝက်ပျိုမများ..
ထို့နောက်. ဝက်ပျိုများတစ်ထပ်၊ အစွယ်ရှိဝက်များတစ်ထပ်နှင့်. အဆိုးရန် ရှမ်းနိုင်သောဝက်တို့ကို အပြင်ဆုံးအထပ်တွင်ထားလေ၏။
ပြီးသော်.. ဝက်လက်သမားသည် ရှေ့ဘက်၌ ဝန်းပိုင်းသော.. တွင်း တစ်ခုနှင့် နောက်ဘက်၌ အဝကျဉ်း ပြီး အောက်ကျယ်သော တွင်းကို တူး၍ ထိုကြားအလယ်တွင် နေရာယူလိုက်၏။

သို့ဖြင့်.အာရုဏ်တက်လျှင်..ကျားလည်းဝက်တို့ထံသို့လာပြီး၊ ရုန်းခိုက်ကြလေ၏။
ဝက်လက်သမားက..''ကျားကိုပြန်၍ကြည့်ကြ''ဟုအမိန့်ပေးရာ၊ ဝက်တို့လည်း..ကျားနှင့်
မလွှဲမချ ပြန်၍ကြည့်ကြကုန်၏။
ကျားအပါးခပ်ဖြစ်၍
နားချင့်ပြီ၏။ ဝက်တို့
ကလည်း၊
ထိုနည်းတူလိုက်
လုပ်ပြီ၏။
ဘာလဲဟ..
ကျားကကျင်ငယ်သွားနိုင်လျှင် ဝက်တို့ကလည်း ကျားနှယ်သွားနိုင်ကြ၏။


ထိုအခါကျားလည်း တွေး၏။
ယခုကြေ ဆိုလျှင်ဝက်ဝံတို့သည် ငါကကြည့်လိုက်သည်နှင့်ပင်ကြောက် လန့်ပြီး၊ သစ်ပြေးနိုင်မလျှပ်နိုင်ရှိ ချေ၏။ ယခုမူ ရန်ဘက်ပြု၍ ငါ့ကိုပင် အာခံပြန်ကြည့် ကြချေ၏။
ထို့ပြင်သွားကျိုးလှသောဝက်ဝံတကောင် ကလည်း၊ ဝက်များအားအမြဲ ကြပ်ကဲ၍နေပါနိုင်၏။ ယနေ့ သွားလျှင်အောင်ပွဲရမည် မထင်..
သို့ဖြင့်ကျားလည်း မိမိနေရပ် သို့ပြန်လေ၏။
ထိုတောင်တွင်ကျားဆိုလာသော ဝက်သားကိုစားနေသော ရသေ့ခိုးလိ တစ်ယောက်လည်းရှိ၏။
ဒီနေ့ ဝက်သားကို ပေါပေါလေးချက်စား မယ်..ဟဲ..ဟဲ..

ရသေ့အဖိုးလဲသည် လက်ချည်းပြန်လာသော..ကျားကို မြင်လေ၏။
အဆွေကျား.. ယခုကား၊ ဘာဖြစ်သည် တကွ တစ်ကောင်လောက်ကိုမျှ လာမပြပါလား။
ယနေ့ကား လက်ချည်းမလာ၊ ပြန်လာ ရှိ..ငင်းမှုပြုနေပါ။ ယနေ့ သင့်မှာ အခွင့်အလမ်းမရှိ တော့ပြီလော..
အို..ရသေ့.. ယခုကား..တော်ခို့သည် ကျွန်ုပ်ကို မြင်သည်နှင့် ပြေး၍ ပုန်းကြပါ၏။
ယနေ့မူကား၊ ယခင်နှင့် မတူ၊ စုစည်းညီညာနေကြရာ ထိုဝက်တို့ကို ဖမ်းယူဖို့ခက် ခဲ၍ပြန်ခဲ့ရပါသည်...
အို..ကျားရယ်..

ကျွန်ုပ်အတွက်.. ပူမနေ ပါနှင့်.. ဖမ်းသာဖမ်း ပါတော့ သွားပြီး ဖမ်းသာဖမ်း ပါလေ..
အသင်ကျားသား.. ပါးနပ်ပေတော့ပြီ..
အပြေးဝင်သွားချင်၊ တစ်အားလုံး ကြောက်လန့်ကာ
ဖရိုဖရဲ၊ ကျွဲကာသွက်ကို ပြေးရာသို့မှာ မှုချတသည်၊
ကျားသည် တောအုပ်ရှိသော
တည်း...
ပျော်ပါသား
ရှေ့သို့ မြှောက်ပေးသဖြင့် ကျားလည်း အားတက်ကာ တက်သို့ဆို တဖန်သွားပြန်၏။
အရှင်.. ဟိုမှာ ကျားဆိုးကြီး လာပြန်ပြီ..
ဝက်လက်သမားလည်း မြှောက်ချင်းနှင့် ချင်း အလယ်တွင် ရပ်လျက် ကြုံးဝါး၏။
မကြောက်ကြလင့်၊ ယခုပင် ကျားဆိုးကို ဖမ်းယူတော့မည်...

ကျားလည်း ဒေါသထွက်ကာ ဟိန်း၍ ရုတ်ချည်း ပင် ဝက်လက်ဝံသားကို ခုန်အုပ်လိုက်လေ၏။
ဂါး
ကျားသည် အပေါ်ကျခါနီးမှ ဝက်လက် ဝံသားလည်း ရှေ့မှ ခွေဒိုးထိုးသို့ လိမ့်ချ လိုက်လေ၏။
အိုး
ဘာရမလဲ သာဝရယ်..
ထိုအခါ ကျားလည်း အရှိန်မထိန်း နိုင်တော့ဘဲ ‚နောက်..ကျွမ်းထိုးသို့ ကျွမ်းပြန်ကျကာ..ဘယ်လဲဖြစ် နေတော့၏။
ဝက်လက်ဝံသားလည်း လျှပ်စစ်လက်သလို တွင်း ထဲမှ ခုန်ထွက်ပြီး ကျား၏ ဝမ်းကို အစွယ်ဖြင့် ထိုးခွဲ..ကျားလည်း သေလေ၏။


ကျားသေသော်လည်း ဝက်တို့အား ဝမ်းမြောက်ဝမ်းသာသည့် အမူအရာမရှိကြ၍ ဝက်လက်သမားက..
အဘယ့်ကြောင့် ဝမ်းမြောက်မှု မဖြစ်ကြပါ သနည်း..
အရှင်.. ကျားသေ သော်လည်း ကျားကို စေခိုင်းသူ.. ရသေ့ဆိုးလဲ ရှိနေသေးသည့်မို့.. ကျွန်ုပ်တို့ ဝမ်းမသာနိုင်ပါ..
ဤရသေ့ကား အဘယ်သို့သော ရသေ့နည်း..
သီလမရှိသော ရသေ့ဖြစ်ပါသည်။
ကျားကိုပင် ငါနှိမ်းခဲ့ပြီ မပူပင်ပါလေ.. ရသေ့လောက်ကား အဖွဲ့အရွေ့မလိုပြီ လာကြလော့.. ယခုပင်ရသေ့အား ဖမ်းကြပါစို့....
ချိတက်...


ထိုအချိန်ဝယ်ရေသော့စည်းလဲမှာ..
ဒီတစ်ခေါက်တော့ ကျားသွားတာကြာလှချည်လား..
တစ်ခါတည်းကများ ဖမ်းသွားပြီလားမသိ၊ လိုက်ကြည့်ရလေဦးမှ..
ရေသော့စည်းလဲသည်။ ဝက်ဝံတို့ရှိရာသို့..သွား
ရာ၊ ဝက်ဝံတို့လာသည်ကိုမြင်လျှင်။
အမယ်လေး
ပရိက္ခရာများကိုပစ်ချပြီး..
ရေသာဖန်းပင်ပေါ်တက်ပြေး၏။
အရှင်..ယခုအခါ သက်ပါလေပြီ..
ရေသော့စည်းလဲသည် သစ်ပင်ပေါ်တက်ပြေး
သွားပါပြီ အရှင်..
မည်သည့်သစ်ပင် နည်း..
ရေသာဖန်း ပင်ပါအရှင်.

ဤသို့ဆိုလျှင်.ဝက်မတို့က ရေကိုငုံခဲ့၍ အပင်ခြေရင်းကို ဖျန်းကြကုန်၏.
ဝက်ပျိုတို့က..မြေကိုတူး၍ အစွယ်ရှိသောဝက်တို့
က အမြစ်တို့ကို ထိုးဖြတ်ကြလေ၏။ ကျန်ရှိသော
ဝက်တို့က အပင်ကို ဝန်းရံ၍စောင့်နေကြ။
ဟိုက် သေပြီဗျာ..
ကောင်းပါပြီ အရှင်...
ဝက်တို့သည်လည်း ဝက်လက်သမား ခိုင်းသည့်အတိုင်း ပြုလုပ်ကြကုန်၏။ ရေသောက်မြစ် ပေါ်သည်နှင့် ဝက်လက်သမားသည် ပုဆိန်ဖြင့် ဖြတ်သကဲ့သို့ တစ်ချက်တည်း ထိုးဖြတ်၍ သစ်ပင်ကို လှဲစေ၏။
ဝုန်း
သစ်ပင်နှင့်အတူ ကျလာသော ရသေ့စဉ်းလဲကို ဝက်တို့သည် အပိုင်းပိုင်းဖြတ်ကာ၊ အရိုးတိုင်အောင် စားကြလေ၏။
ဟိုက်...


ထို့နောက်ဝက်များသည်
ဝက်လက်သမားကို ရေ
သဖန်းခုံးပေါ်မှာ နေစေ
လျက်၊ ရသော့စဉ်းလေ၏
ခရုသင်းဖြင့် ရေကိုဆောင်
ယူ၍ အဘိသိက်သွန်း
ကြကာ၊ ဝက်ပျိုမှတစ်
ကောင်နှင့် ခုံဖက်စေပြီး
ဝက်မင်းအဖြစ် တင်ကာ
မြှောက်ကြလေ၏။
အောင်ကြေးပျော့
အောင်ကြေးပျော့...
ထိုအချိန်မှစ၍ ယနေ့တိုင်အောင်၊ လူမင်းတို့သည်၊ ရေသဖန်း
သားပျဉ်ပေါ်မှာ နေစေလျက်၊ ခရုသင်းသုံးခုဖြင့် အဘိသိက်သွန်းသော
ဓလေ့ကို လိုက်နာလုပ်ဆောင်ကြလေ၏။
အံ့ဖွယ်ကောင်းသော ထိုအဖြစ်ကိုမြင်ရသည့် သိကြားမင်း
သည် ဤသို့ ရေကျူးလေသတည်း။
အံ့ဖွယ်ကောင်းလေစွ..
ကျား၏သားကောင်ဝက်တို့
သည်..ကျားကိုပင်အောင်မြင်
ခဲ့ပြီ၊ စည်းလုံးညီညွတ်
သောအင်အားဖြင့်
ရန်အပေါင်းကို
အောင်နိုင်မြဲဖြစ်ချေ
သည်တကား...
ပြီး

ဂဠုန်ပတ္တမြား
ဂဠုန်နဂါး
ကာတွန်း
တောရ
ရှေးအခါက ဗာရာဏသီ ပြည်မှာ မြွေအာလမ္ဗာယ် ပြသားတဲ့ ပုဏ္ဏားတစ်ယောက် ရှိတယ်…
တစ်နေ့တော့ အာလမ္ဗာယ်ပြဖို့ မြွေ မရှိတာနဲ့ မြွေရှာ ထွက် လာတယ်…
တောထဲမှာ ဂဠုန်တစ်ပါးနဲ့ တွေ့ပြီး ဂဠုန်က ပုဏ္ဏားကို သနားတာကြောင့် နဂါးနိုင် မန္တန်ကို သင်ပေးလိုက်တယ်

ပုဏ္ဏားလည်း ထိုမန္တာန်ကို ရွတ်ဆိုပြီး ယမုံနာမြစ်ကမ်း အတိုင်း လမ်းလျှောက်လာတယ်
အဲသည်အချိန်မှာ ဘူရိဒတ် နဂါးမင်းရဲ့ မိဖုရားနဲ့ နဂါးမ တစ်သိုက်ဟာ
ယမုံနာမြစ် သဲသောင်ပြင်ပေါ်မှာ ပတ္တမြားမျက်ရှင်ကို ချထားပြီး ပျော်ပျော်ပါးပါးနဲ့ ကစားနေကြသတဲ့....


အာလမ္ဗာယ်ပုဏ္ဏားရဲ့
မန္တာန်ရွတ်သံကို နဂါး
မ တွေ ကြားလိုက်တော့
ဂဠုန်လာတယ်ထင်ပြီး
ပတ္တမြား မျက်ရှင် ကိုတောင်
မယူအားဘဲ ရေထဲငုပ်ကာ
နဂါးပြည်ကို ပြန်ပြေးသွား
ကြတာပေါ့..
ထိုအခါ အာလမ္ဗာယ်ပုဏ္ဏား
လည်း ကျန်ခဲ့တဲ့ပတ္တမြား
ကို ကောက်ယူသိမ်းထား
လိုက်တာပေါ့..


သိမ်းယူလာခဲ့ပေမယ့်. ပတ္တမြားကို မြွေနဂါးတစ်ကောင်လောက်တောင် တန်ဖိုးမထားဘူး..တဲ့
လမ်းမှာ မုဆိုးသားအဖနဲ့ ဆုံလို့ စကားစမြည်ပြောရာ..
ကျုပ်ကာ မြွေဆရာပါဗျ အခု မြွေအလမ္ပာယ် ပြဖို့ မြွေ ရှာ ထွက်လာတာ. လမ်းမှာ မြွေနဂါးများမြင်ခဲ့ကြလား
မြင်ပါသော်ကော ဗျာ- ရိုးရိုးမြွေတောင် မဟုတ်ဘူး - နဂါး - နဂါး နဂါးမင်းဗျ
ဟင် တကယ်ပါလား


အဲသည့် နဂါးမင်း နေရာကို ပြပေးရင် ဟောသည့် ပတ္တမြား ပေးမယ်ပဲ..
အလမ္မာယ်ပုဏ္ဏားက ဘုရိဒတ် နဂါးမင်း နေရာကို သိချင်သလို မုဆိုးပုဏ္ဏားသားအဖကလည်း အဖိုးတန်ပတ္တမြားကို လိုချင်ကြတယ်ပဲ..
ဒါကြောင့် အလမ္မာယ် ပုဏ္ဏားနဲ့ မုဆိုးသားအဖ အပေးအယူ လုပ်ကြတာပေါ့..
မုဆိုးသားအဖ . အလမ္မာယ်ဆရာကို ဘုရိဒတ် နဂါးမင်း ရှိရာကို ခေါ်သွားပြီး
အသင် ပုဏ္ဏား - ရှုလော့..

တရားကျင့်ကြံနေတဲ့ ဘူရိဒတ်
နဂါးမင်းကို အာလမ္ဗာယ်ပုဏ္ဏား
မြင်လိုက်ရတော့...
အားပါး တယ်ဟုတ်ပါလား
ကဲ.ကဲ နဂါးမင်းနေရာကို ပြပေးလို့ ပေးရမှာပေါ့ ရော့ ပတ္တမြား
ရော့ - နဂါး
ကာတွန်း တေဇ
အဲသည့် ဘူရိဒတ် ဇာတ်ကို အကြောင်းပြုပြီး ရှေးလူကြီးသူမ တို့ စကား ပြောဆိုရာမှာ ရော့ပတ္တမြား ရော့နဂါးလို့ စကားဆိုစဉ် ပြုခဲ့ကြသတဲ့ ကွယ်...

# မေတ္တာရွာ၏ ထိုက်သူစံပုံပြင်

သီဟဇော်(မြစ်ဝကျွန်းပေါ်)

တစ်ခါတုန်းကပေါ့ကွယ်...။

မေတ္တာရွာလို့ အမည်ရတဲ့ ရွာကလေးတစ်ရွာမှာ မောင်စံမြတ်ဆိုတဲ့ လယ်သမားလေးတစ်ဦး ရှိတယ်တဲ့။ မောင်စံမြတ်မှာ ဖခင်မရှိတော့ဘဲ မိခင်အိုကြီးသာ ရှိသတဲ့။ ဒါကြောင့် မောင်စံမြတ်ဟာ မိခင်အိုကြီးကို အိမ်ဦးခန်းမှာပဲထားပြီး နားနားနေနေထားသတဲ့။ လယ်ယာလုပ်ငန်းကိုပဲ လုပ်ကိုင်ပြီး အမေတစ်ခု သားတစ်ခုနဲ့ နေထိုင်လာတာဖြစ်သတဲ့ကွယ်။

မောင်စံမြတ်တို့သားအမိ နေထိုင်တဲ့နေအိမ်ဟာ မေတ္တာရွာရဲ့ တောင်ဘက်ပိုင်းမှာ ရှိသတဲ့။ လူသူမနေတော့တဲ့ ပိုင်ရှင်မရှိတော့ပြီဖြစ်တဲ့ ခြံကြီးထဲမှာ ရွာသူကြီးက နေရာချထားပေးလို့နေတာ ဖြစ်သတဲ့ကွယ်။ ခြံကြီးထဲမှာ သားအမိနှစ်ယောက်စာ အိမ်ကလေးဆောက်ပြီး အလွတ်နေရာမှာ သီးနှံပင်တွေ စိုက်ထားတယ်လေ။

မောင်စံမြတ်ရဲ့လယ်ပွဲကတော့ မေတ္တာရွာရဲ့မြောက်ပိုင်းမှာ။ ဒီတော့ မောင်စံမြတ်အဖို့ ရွာတောင်ပိုင်းက သူ့ရဲ့အိမ်ကနေပြီး ရွာမြောက်ပိုင်းကိုသွားလို့ လယ်လုပ်ရတာပေါ့ကွယ်။ မောင်စံမြတ်ဟာ မနက်မိုးမလင်းခင်ကတည်းက အိပ်ရာထပြီး ထမင်းအိုးတည်တယ်။ ရေနွေးအိုးကြိုတယ်။ ပြီးတော့ ထမင်းကြမ်းစား၊ အဖန်ရေသောက်ပြီးတော့ ထမင်းထုပ်ပြီး လယ်ထဲဆင်းတာပေါ့။ မိခင်အိုကြီးကတော့ မနက်မှာ စောစောထလို့ ဘုရားဆွမ်းတော်ကပ်၊ သောက်တော်ရေကပ်နဲ့ ဘုရားရှိခိုးပြီး အိမ်မှာပဲ ကျန်နေတာပေါ့။

မောင်စံမြတ်လယ်ထဲသွားတော့ မြောက်ဖက်ပိုင်းရွာအစပ်နားမှာရှိတဲ့ အိမ်တစ်အိမ်က ခွေးတစ်ကောင်ဟာ မောင်စံမြတ်သွားတိုင်း ခင်မင်လိုဟန်ပြတယ်။ တအီအီနဲ့ အမြီးကလေးနှံ့ပြီး မောင်စံမြတ်ကို နှုတ်ဆက်တယ်။ ပြီးတော့ မောင်စံမြတ်နဲ့အတူတူ လယ်ထဲကို လိုက်လာတယ်။ လယ်ပွဲထိပ်မှာနေပြီး မောင်စံမြတ်မပြန်မချင်း လယ်ထိပ်က စောင့်နေတယ်။ မောင်စံမြတ်က လယ်ထဲမှာလုပ်စရာကိုင်စရာ ရှိတာတွေလုပ်ကိုင်ပြီး နေထန်းတစ်ဖျားလောက်ရောက်ရင် ပါလာတဲ့ထမင်းထုပ်ကို ဖြေစားတယ်။ အဲဒီအခါ ခွေးကလေးက မောင်စံမြတ်ဆီ ရောက်လာတော့တယ်။ မောင်စံမြတ်ကလည်း ခွေးကလေးကို ထမင်းထုပ်တစ်ဝက် ကျွေးတယ်။ မောင်စံမြတ်ကတော့ တစ်ဝက်ကို စားတာပေါ့။ နေ့လည်မှာ လုပ်စရာကိုင်စရာတွေ ပြီးတာနဲ့ အိမ်ကို မောင်စံမြတ်ပြန်လာတော့လည်း ခွေးကလေးက တစ်ပါတည်း လိုက်လာတာပေါ့။ ဒါပေမဲ့ သူ့သခင်အိမ်ရောက်ရင်တော့ ခွေးကလေးက အိမ်ထဲဝင်ပြီး နေခဲ့တယ်လေ။

အဲဒီလိုနဲ့ဘဲ ကြာလာတဲ့အခါမှာ မောင်စံမြတ်နဲ့ ခွေးကလေးက သံယောဇဉ်ဖြစ်သွားကြတာပေါ့။ ခွေးကလေးရဲ့သခင်တွေကလည်း ခွေးကလေးနဲ့ မောင်စံမြတ်တို့ရဲ့သံယောဇဉ် ငြိတွယ်တာကို သိနေကြတာပေါ့။

တစ်နေ့မှာတော့ မောင်စံမြတ်နဲ့ခွေးကလေးဟာ ထုံးစံအတိုင်း လယ်ထဲက ပြန်လာတာပေါ့။ ခွေးကလေးရဲ့သခင်ဆိုတဲ့ ဦးလေးကြီးက ထွက်လာပြီး မောင်စံမြတ်နဲ့ လာတွေ့တယ်လေ။



"မောင်စံမြတ်… မောင်စံမြတ်… ခဏနေပါဦး"

မောင်စံမြတ်လည်း အိမ်ထဲကခေါ်သံကြောင့် အိမ်ရှေ့မှာ ခဏရပ်ပြီးနေတော့ အိမ်ထဲကနေ ဦးလေးကြီးက ထွက်လာတာကို တွေ့လိုက်တာပေါ့။ ခွေးကလေးကတော့ မောင်စံမြတ်ရဲ့ဘေးမှာ ထိုင်နေလို့ပေါ့။

"အော်…ဦးလေး ကျွန်တော့်ကို ခေါ်ပါသလား ခင်ဗျာ"

မောင်စံမြတ်က ထွက်လာတဲ့ဦးလေးကြီးကို ရိုရိုသေသေဘဲ ပြန်မေးလိုက်တယ်။

"ဟုတ်တယ်… မောင်စံမြတ်ရဲ့… ဦးလေးတို့ အကူအညီတောင်းစရာရှိလို့ မောင်စံမြတ်ကို ခေါ်လိုက်တာပါ"

ဦးလေးကြီးက ပြန်ပြောပြီး မောင်စံမြတ်ရှေ့မှာ ရပ်လိုက်တယ်။ မောင်စံမြတ်က ရိုရိုသေသေနဲ့ပဲ မတ်တပ်ရပ်နေလိုက်တာပေါ့။

"ဒီလို… မောင်စံမြတ်ရဲ့၊ ဦးလေးတို့အိမ်သားတွေ အားလုံး မြို့ကိုပြောင်းဖို့ စီစဉ်ထားတယ်"

"ဟုတ်လား… ကောင်းတာပေါ့ဦးလေးရယ်…၊ ကျွန်တော်တို့တောမှာထက်စာရင် မြို့မှာက အစစအရာရာ သာတော့ ဦးလေးတို့အတွက် ကောင်းတာပေါ့"

"ဟုတ်တယ် မောင်စံမြတ်ရဲ့၊ ဦးလေးတို့လည်း မြို့ကိုပြောင်းဖို့ စီစဉ်ပြီးမှ ဟောဒီက အောင်နက်အတွက် ထပ်ပြီး စဉ်းစားနေရတယ်ကွာ"

ဦးလေးကြီးက မောင်စံမြတ်ရဲ့ဘေးမှာ ဆောင့်ကြောင့်ထိုင်နေတဲ့ခွေးကလေးကိုကြည့်ပြီး ပြောလိုက်တယ်။

"ဟုတ်ကဲ့… ပြောပါဦးလေး"

မောင်စံမြတ်လည်း ခွေးကလေးကို လှမ်းကြည့်လိုက်ပြီး စကားထောက်ပေးလိုက်ပါတယ်။

"ဒီလိုမောင်စံမြတ်ရဲ့…၊ ဦးလေးရဲ့ ခွေးကလေး အောင်နက်ဟာ မောင်စံမြတ်အပေါ်မှာ သူမတူအောင် ခင်မင်တယ်ဆိုတာ အားလုံးအသိဘဲမဟုတ်လား။ ဦးလေးတို့မြို့ကိုပြောင်းရင် အောင်နက်ကို ခေါ်သွားလို့ ရတယ်ဆိုပေမဲ့ မြို့နဲ့ အဆင်ပြေချင်မှ ပြေမယ်လေ၊ ဟိုမှာ ဘယ်လိုစီစဉ်ရမလဲ မသိသေးဘူးဖြစ်နေတယ်။ ခေါ်သွားရင် ဦးလေးတို့ရော၊ အောင်နက်ရော ဒုက္ခရောက်မှာ သေချာတယ်။ နောက်တစ်ခါ အောက်နက်ကလည်း မောင်စံမြတ်နဲ့ အထူးခင်မင်နေတာဆိုတော့ ဦးတို့ စဉ်းစားလိုက်တာ အဖြေတစ်ခုထွက်လာတယ်။ အဲဒါကတော့ မောင်စံမြတ်အတွက် ဟောဒီအောင်နက်ကို ပေးခဲ့မလို့ပါပဲ"

ဦးလေးကြီးက စကားကို ရှည်ရှည်ဝေးဝေး ပြောပြီးတော့ မောင်စံမြတ်ကိုတစ်လှည့်၊ အောက်နက်ကိုတစ်လှည့် ကြည့်လိုက်တယ်။ မောင်စံမြတ် ရင်ထဲမှာတော့ ဝမ်းသာမှုတွေ ဖုံးလွှမ်းသွားတယ်။ ဒါနဲ့ အောင်နက်ကို ကြည့်လိုက်တဲ့အခါမှာလည်း အောင်နက်ရဲ့ ပြန်ကြည့်တဲ့မျက်လုံးတွေမှာ သူ့ကို ခေါ်ထားပါလို့ မောင်စံမြတ်က

ပြောနေသယောင် တွေ့လိုက်ရတယ်လေ။ မောင်စံမြတ် လည်း ပြန်စဉ်းစားကြည့်လိုက်တယ်။ အောင်နက်ရဲ့ သံယောဇဉ်ကိုလည်း သူ့အနေနဲ့ သိပြီးသားပဲလေ။ အောင်နက်ရဲ့သခင်တွေ မြို့ပြောင်းလို့ အောင်နက်တစ်ကောင်တည်း ကျန်ခဲ့ရင် အဖော်မဲ့မှာ စိုးရိမ်မိတယ်။ ဒါကြောင့် အောင်နက်ပေးတာကို ယူလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။

"ဟုတ်ကဲ့ဦးလေး... အခုလိုပြောတဲ့အတွက်ရယ်၊ အောင်နက်ကို ပေးခဲ့တာရယ်ကြောင့် ကျေးဇူး အထူးတင်ရှိရပါတယ်ဦးရယ်။ ဒါဆိုရင် အောင်နက်ကို ဘယ်တော့ ယူရမလဲ"

မောင်စံမြင့်က ဦးလေးကြီးကို မေးလိုက်ပါတယ်။

"ဖြစ်နိုင်ရင် တစ်ခါတည်း ခေါ်သွားပါလား။ ဟောဒီမှာ အောင်နက်ရဲ့ လည်ပတ်ကြိုးရယ်၊ လိုအပ်ရင်ချည်ဖို့ သံကြိုးရယ် ယူလာတယ်လေ။ ဦးလေးတို့လည်း မြို့ပြောင်းဖို့ ပစ္စည်းတွေထည့်ဖို့ ပြင်ဆင်ရမှာဆိုတော့ သူ့ကို လှည့်မကြည့်နိုင်ဘူးဖြစ်နေလို့ပါ"

ဦးလေးကြီးက ခပ်စောစောကတည်းက သေချာဆုံးဖြတ်ပြီးပြီလို့ ထင်ရအောင် အောင်နက်ရဲ့ လည်ပတ်ကြိုးတွေ၊ သံကြိုးတွေကို တစ်ပါတည်းဘဲ ယူလာလို့ မောင်စံမြတ်ကို လှမ်းပေးလိုက်ပါတယ်။

"ဟုတ်ကဲ့...ဦးလေး။ ဒါဆို အောင်နက်ကို တစ်ခါတည်းခေါ်သွားလိုက်ပါမယ်... ကျေးဇူးတင်ပါတယ် ဦးလေး"

မောင်စံမြတ်လည်း ဝမ်းမြောက်ဝမ်းသာနဲ့ပဲ ဦးလေးကြီးဆီက သံကြိုးနဲ့ လည်ပတ်ကို လှမ်းယူပြီး အိမ်ပြန်ဖို့ ခြေလှမ်းပြင်လိုက်ပါတော့တယ်။ အောင်နက်ဟာ မောင်စံမြတ်ဘေးမှာ ထိုင်နေရာကနေပြီး ထသွားလို့ သူ့ရဲ့ သခင်ဟောင်းဖြစ်တဲ့ ဦးလေးကြီးရှေ့ကို သွားတာ တွေ့လိုက်တယ်။ ဦးလေးကြီးရှေ့ကိုရောက်တော့ အောင်နက်ဟာ သူ့ရဲ့ ဦးခေါင်းနဲ့ ဦးလေးကြီးကို ခြေဖမိုးကို တိုက်ပြီး နှုတ်ဆက်လိုက်တယ်။ ပြီးတာနဲ့ ဦးလေးကြီးကိုကြည့်ပြီး မောင်စံမြတ်နောက်ကို ပြေးလိုက်လာတယ်။ မောင်စံမြတ်ရဲ့ရင်ထဲမှာ ဝမ်းသာမှုတွေက



အပြည့်နဲ့ဆိုတော့ လမ်းလျှောက်ရတာ ခြေလှမ်းသွက်နေတယ်။

"အမေရေ... အမေ... သားပြန်လာပြီ"

အိမ်ဝရောက်တာနဲ့ မောင်စံမြတ်က လှမ်းပြီး သူ့မိခင်ကြီးကို နှုတ်ဆက်လိုက်တယ်။ အောင်နက်ကတော့ မောင်စံမြတ်အရင် ခြံထဲပြေးဝင်လို့ ခြံထဲမှာ လျှောက်ပြေးနေပါတော့တယ်။ မောင်စံမြတ်လည်း အိမ်ပေါ်တက်လို့ မိခင်ကြီးကို အကျိုးအကြောင်းပြောပြပါတယ်။

"ကောင်းပါတယ်သားရယ်၊ အမေတို့အတွက် အဖော်ရတာပေါ့"

မိခင်ကြီးကလည်း မောင်စံမြတ်သဘောအတိုင်း အောင်နက်ကို ခေါ်လာတာကို ခွင့်ပြုပေးပါတယ်။ မောင်စံမြတ်လည်း ဝမ်းသာစွာနဲ့ အောင်နက်ကို သတိရလို့ ကြည့်လိုက်တော့ အောင်နက်တစ်ကောင် ခြံအတွင်းမှာ လှည့်ပတ်ပြေးပြီး ခုန်ပေါက်နေတာ တွေ့ရပါတယ်။

မောင်စံမြတ်လည်း ခဏအနားယူကာ ခြံထဲက သီးနှံပင်တွေ ပြုစုဖို့အတွက် ခြံထဲကို လျှောက်လာပါ

တယ်။ အောင်နက်ကို သတိရလို့ ကြည့်လိုက်တော့ ခြံခေါင်းရင်ဘက်က သရက်ပင်အောက်မှာ မြေကြီးတွေ ယက်ထုတ်နေတာ တွေ့ရသတဲ့။ ဒါနဲ့ မောင်စံမြတ်လည်း အောင်နက် ယက်နေတဲ့သရက်ပင်ရင်းဆီ လျှောက်သွားသတဲ့။

“အောင်နက်…ရယ်…. ဘာလို့ အပင်ပန်းခံပြီး တူးနေတာလဲ၊ မတူးနဲ့နော်…သိလား”

မောင်စံမြတ်က မြေကြီးတွေ ယက်ထုတ်နေတဲ့ အောင်နက်ကို အသာအယာစကားပြောပြီးတာနဲ့ အောင်နက်ကို ဘေးဖယ်ခိုင်းလိုက်ပြီး ပါလာတဲ့ပေါက်ပြားနဲ့ လန်ကြဲနေတဲ့ မြေကြီးတွေကိုစုပြီး အောင်နက် ယက်ထားတဲ့တွင်းထဲထည့်ဖို့ လိုက်ပါတယ်။ အောင်နက်ကတော့ မောင်စံမြတ် ခြေသလုံးကို ခေါင်းနဲ့တိုးဝှေ့ပြီး တအီအီလုပ်နေလေရဲ့။

“မင်းလည်း ပင်ပန်းသွားပြီကွာ၊ ခဏလေးနားပြီး အိမ်ရှေ့မှာ အိပ်နေလိုက်ဦး၊ ငါပေါင်းပင်တွေ သွားရှင်းလိုက်ဦးမယ်”

မောင်စံမြတ်က အဲဒီလိုပြောလိုက်တော့ အောင်နက်ကလည်း နားလည်ဟန်နဲ့ အိမ်ရှေ့ကို ပြေးထွက်သွားတယ်။ မောင်စံမြတ်လည်း ညနေစောင်းတော့ အလုပ်သိမ်း၊ ရေမိုးချိုးပြီး ညစာစားကြတယ်။ အောင်နက်ကိုလည်း မောင်စံမြတ်တို့စားတဲ့အတိုင်း ကျွေးတယ်လေ။ ဒီလိုနဲ့ ညအိပ်တော့ အောင်နက်ကို ခြံထဲလွှတ်ထားလိုက်တယ်။ သံကြိုးတွေ ချည်စရာမလိုတော့လို့ပဲ ဖြစ်ပါတယ်။

“ဝုတ်…ဝုတ်…ဝုတ်…ဝုတ်”

နောက်တစ်နေ့ မိုးလင်းခါနီးကျတော့ အောင်နက်ရဲ့ ဟောင်သံက တရစပ်ထွက်ပေါ်လာပါတော့တယ်။ ဒါနဲ့ မောင်စံမြတ်လည်း ဓာတ်မီးတစ်လက်ယူပြီး အောင်နက်အော်သံကြားတဲ့ဆီ လိုက်လာတာ သရက်ပင်ရင်းမှာ တွင်းတစ်တွင်းဖြစ်နေတာကို တွေ့ရတယ်။ အဲဒီတွင်းထဲမှာ အောင်နက်ရောက်ပြီး ဟောင်သံပေးလိုက်နေတာမို့ တွင်းထဲ ဓာတ်မီးနဲ့ ထိုးကြည့်တဲ့အခါ ဖွေးဖွေးလှုပ်နေတဲ့ ငွေဒင်္ဂါးတွေကို မြေအိုးတစ်လုံးထဲ တွေ့ရတာပေါ့။ ဒါနဲ့ မောင်စံမြတ်လည်း အောင်နက်ကို တွင်းပေါ်တင်လို့ မြေအိုးကိုယူပြီး အိမ်ပေါ်တက်ကာ မိခင်ကြီးကို ပြရတာပေါ့။ မိခင်ကြီးက ရွာသူကြီးဆီ အကြောင်းကြားဖို့ပြောတော့ ရွာသူကြီး လိုက်လာတာပေါ့လေ။ ရွာသူကြီးက ပိုင်ရှင်မဲ့ဖြစ်တဲ့အတွက် မောင်စံမြတ်တို့ပဲ အပိုင်ယူစေဆိုတော့ မောင်စံမြတ်တို့လည်း ဝမ်းသာသတဲ့ကွယ်။ ငွေအိုးကို ရှာဖွေပေးတဲ့ အောင်နက်ကို ကောင်းစွာ ကျွေးမွေးပြုစုထားပြီး ကျေးဇူးရှင်နေရာမှာထားသတဲ့ကွယ်။ ချမ်းသာကြွယ်ဝသွားတဲ့ မောင်စံမြတ်ဟာ ဘဝလည်း မမေ့ဘဲ အလှူအတန်းတွေပြုလုပ်လို့ မိခင်ကြီးကို ပြုစုကျွေးမွေးမြဲ ကျွေးသတဲ့ကွယ်။

ပုံပြင်ကလေးကတော့ ဒီမျှသာဘဲဖြစ်ပါတယ်။

သီဟဇော်(မြစ်ဝကျွန်းပေါ်)



ရွှေကောင်းသည့်
ပုရွက်ဆိတ်
ကန်စွန်းဥ ကျေးရွာတွင် ဦးအောင်ကြီးသည်
ကျောင်းဆရာ တစ်ယောက်ဖြစ်သတဲ့။
တစ်နေ့သ၌..
ဆရာဦးအောင်ကြီးက တပည့်များအား
ရွှေကောင်းသည့် ပုရွက်ဆိတ်ပုံပြင်ကို..
ပြောပြလို့ နေသတဲ့။

တစ်ခါက အလုပ်ကြိုးစားတဲ့ ပုရွက်ဆိတ်ကလေး ရွှေတိုး ဆိုတာ ရှိတယ်..
တစ်နေ့မှာ ရွှေတိုးဟာ အစာရှာဖို့ သူ့ရဲ့ အိမ်မှ ထွက်လာခဲ့တယ်...
တစ်နေရာသို့ ရောက်တဲ့ အခါ...
အလို...
ဆန်စေ့ တစ်စေ့ ပါလား ပွတာပဲ..ပွတာပဲ
လွန်စွာမှ ဝမ်းသာ သွားပြီး ဆန်စေ့ကို သယ်လိုက်တယ်...
အိုး
တော်တော် လေးပါလား...
မနဲ မ ယူရတယ်။

ဆန်ခါစေ့ရဲ့ အလေးချိန်ကြောင့်.. ကျောပေါ်မှ
မကြာခဏ လျှောကျရာ...
ဟင်း
ရွှေဝိုးဟာ စိတ်ရှည်ရှည်ထားပြီး
ဆန်စေ့ကို ရအောင်မယူတယ်။
ဆန်စေ့ဟာ ကျောပေါ်ကနေမကြာခဏ
လျှော ကျပြန်တယ်. အချိန်တော်တော်ကြာ
သွားတဲ့ အခါမှာ . . .
အဲ့တော်တော်
ရှိပါလား
ဟား
ဟား
ဟား

ရယ်သံကြားရ၍ ကြည့်လိုက်တော့..
ဖိုးနှံကောင်..
မင်း..ဆန်စေ့ကို မတင်နေတာ အကြိမ်ပေါင်း ကို မနဲတော့ဘူး မမောသေးဘူးလား ကွ..
ဘာမှ အကျိုး မထူးပါဘူး.. အဲဒါကြီးကို ထားလိုက်ပါ ပင်ပန်း ပါတယ်။
ဒီမယ်.. မအောင်မြင်တာ တွေကိုဘဲ လက်ချိုး ရေတွက် နေရင် ဘယ်တော့မှ အောင်မြင် မှာ မဟုတ်ဘူး။ ကြည့် ကျုပ်
ရအောင် မပြမယ်။ လို့ပြောလိုက်ပြီး ဆန်စေ့ဟာ ချွတ်ဦးရဲ့ ကျောပေါ်က ချော မကျတော့ဘဲ.. အိမ်သို့ သယ် သွားတယ်...
ဒါ..ဇွဲလုံ့လရဲ့ အကျိုး ဘဲ...
ကဲ.. ပုံပြင်လေးကတော့ ဒါပါဘဲကွယ်
ပြုံး

# မယ်လက်မကလေး

(သွေးသောက်၊ မတ်၊ ၁၉၆၂)

နယဉ်

တစ်ရံရောအခါ ရွာတစ်ရွာ၌ ကလေးမရသော မိန်းမ တစ်ယောက် ရှိလေ၏။ ထိုမိန်းမသည် ကြာမြင့်စွာပင် ကလေးမရဖြစ်နေသောကြောင့် နတ်သမီးတစ်ပါးထံသို့ “နတ်ရှင်မ... ကျွန်မသည် အသက်အရွယ် ကြီးလာသည့် တိုင်အောင်ပင် ကလေးတစ်ယောက်မျှ မရသည့် အတွက် ယခု နတ်ရှင်မထံ သားဆုအတောင်း ရောက် လာရပါသည်။ ကလေးလိုချင်ပါသည် အရှင်မ”ဟု ပြော လေ၏။ နတ်သမီးလည်း “ကောင်းပြီ ကလေးလိုချင်တာ ဖြင့် ဟောဒီစပါးစေ့ကလေးကို ယူသွားပေတော့။ အိမ် ရောက်ရင် ဒီစပါးစေ့ကလေးကို ပန်းအိုးမှာ ကောင်းမွန် စွာချပြီး စိုက်လိုက်ပါ။ ဒီစပါးစေ့ဟာ နယ်နယ်ရရမဟုတ် ဘူးနော်။ လယ်ကွက်ထဲမှာပေါက်နေတဲ့ တခြားစပါးစေ့ တွေလိုလည်း မဟုတ်ဘူး။ ညည်းတို့ငှက်ကလေးတွေကို ပစ်ကျွေးတဲ့စပါးစေ့လိုလည်း မဟုတ်ဘူးဆိုတာ သတိ ပြုပါ”ဟုဆိုကာ လှပသောစပါးစေ့ကလေးတစ်စေ့ကို ပေးလိုက်လေ၏။

ထိုမိန်းမလည်း နတ်သမီးပေးလိုက်သော စပါးစေ့ ကလေးကိုယူ၍ အိမ်သို့ရောက်သောအခါ ပန်းအိုးထဲ၌ ကောင်းမွန်စွာချ၍ မြှုပ်ထားလေ၏။ ထိုခဏအတွင်းမှာ ပင် စပါးစေ့ကလေးမှ ပန်းပင်တစ်ပင် ပေါက်လာလေ၏။ ပန်းပင်မှာလည်း အခြားသောပန်းပင်တို့ကဲ့သို့ အကိုင်း အခက်တို့မပါဘဲ အလွန်လှပသော ပန်းပွင့်တစ်ပွင့်တည်း သာပွင့်လျက်ရှိသည်ကို တွေ့ရလေ၏။ ပန်းပွင့်၏ ပွင့်ဖတ် ကလေးများမှာမူ ပိတ်လျက် ရှိလေ၏။ ထိုမိန်းမလည်း အလွန်အံ့ဩစွာဖြင့် ပေါက်လာသောပန်းပွင့်ကြီးကိုကြည့် ရင်း– “အို...သိပ်လှပါကလား။ တယ်လည်း ထူးဆန်းပါ ကလား”ဟုဆိုကာ ငုံ့၍ နမ်းလိုက်လေ၏။ ထိုသို့ ငုံ့နမ်း လိုက်သည်နှင့် တစ်ပြိုင်နက်မှာပင် စေ့နေသောပန်းပွင့် ဖက်တို့သည် ချက်ချင်း ပွင့်အာလာလေ၏။ ထိုအခါ ပန်း ပွင့်သည် ကြာပွင့်ဖြစ်နေသည်ကို သိရကာ ထိုကြာပွင့် အထဲ၌ အလွန်သေးငယ်၍ လှပသောမိန်းကလေးတစ် ယောက် ထိုင်နေသည်ကို မြင်ရလေ၏။ မိန်းကလေး သည် လက်မလောက်မျှ အရွယ်ရှိ၍ နူးညံ့လှပလေ၏။ ကလေးလိုချင်နေသောမိန်းမလည်း ကြာပွင့်ထဲမှ မိန်း ကလေးကို လက်မလောက်သာရှိသောကြောင့် “မယ် လက်မ”ဟု အမည်ပေးသည်။ သမီးကလေးကနူးညံ့လှ သောကြောင့် သူ့ကို ကောင်းမွန်စွာ အိပ်နိုင်စေရန် သစ် ကြားသီးအခွံတစ်ခုကို ချောပြောင်နေအောင် ပွတ်တိုက် ပြီးလျှင် အတွင်း၌ ပန်းပွင့်ဖက်ကလေးများကိုဖြန့်ခင်းကာ အိပ်ရာပြုလုပ်ပေးထားရလေသည်။ နေ့အခါ၌ပျော်ရွှင်စွာ ကစားနိုင်စေရန်လည်း မိခင်က ရေအင်တုံတစ်ခုကို ချ ထားပြီးလျှင် ရေအပြည့်ထည့်လျက် အတွင်းဘက်၌ ပန်း ပွင့်များဖြင့် ဝိုင်းရံကာ အမွှေးနံ့ကို ပေးထားရလေ၏။ ရေအင်တုံအလယ်၌ ကြာဖက်တစ်ရွက်ကိုချကာ မျော ထားပြီး မယ်လက်မကလေး ပျင်းသောအခါ၌ လှေလှော် တမ်း ကစားစေ၏။ လှော်တက်ကလေးများအတွက်ကိုမူ မီးခြစ်ဆံကလေးများကို ပြုလုပ်ပေးထားလေ၏။ မယ် လက်မကလေးသည် ကြာရွက်လှေကလေးကို လှော်၍ ကစားနေရင်း တစ်ခါတစ်ရံ သာယာစွာ သီချင်းဆိုလေ့ ရှိလေ၏။ အလွန်ငယ်လှသော မယ်လက်မကလေးက သီဆိုလိုက်သော သီချင်းသံမျိုးကို ဘယ်မှာမျှ မကြားဖူး ကြရပေ။





တစ်ညသ၌ မယ်လက်မကလေးသည် သူ့မိခင် သိပ်ပေးထားသော သစ်ကြားသီးအိပ်ရာကလေးထဲ၌ အိပ်ပျော်နေစဉ် အိမ်အနီး၌နေသော ဖားကြီးတစ်ကောင်သည် ပြတင်းပေါက်မှနေ၍ ချောင်းကြည့်လေ၏။ ဖားကြီးသည် အလွန်လှပသောမယ်လက်မကလေးကို မြင်သောအခါ၌ ဝမ်းသာအားရစွာဖြင့် "အလို... တယ်လှတဲ့ မိန်းကလေးပါကလား။ လှလည်းလှတယ်။ အရွယ်ကလေးကလည်း အင်မတန် ငယ်နေတယ်ဆိုတော့ ငါ့သားဖားကလေးများနှင့် လက်ထက်ပေးလိုက်ရရင် ဘယ်လောက်ကောင်းလိုက်ပါ့မလဲ"ဟုဆိုကာ ပြတင်းပေါက်မှ တက်လာလေ၏။ ဖားမကြီးသည် မယ်လက်မကလေး နိုးသွားမည်ကိုစိုး၍ သစ်ကြားသီး အိပ်ရာကလေးကို အသာမ၍ယူကာ ပြတင်းပေါက်မှ တိတ်တဆိတ် ဆင်းလာခဲ့လေ၏။ ဖားမကြီးနှင့် သူ့သား ဖားကလေးတို့သည် ဥယျာဉ်ကြီးအတွင်းရှိ စမ်းချောင်းထဲ၌ နေကြလေ၏။ သူတို့နေသောနေရာသည် ရွှံ့ထူ၍ အလွန်ညစ်ပတ်လေသည်။ ဖားကလေးသည် သူ့အမေ ဖားပြုတ်မကြီးထက်ပင် အရုပ်ဆိုးသေးသည်။ ဖားမကြီးက မယ်လက်မကလေးကို မ၍ယူလာသည်ကို မြင်ရသောအခါ ဖားကလေးကလည်း ဝမ်းသာအားရဖြစ်ကာ မသာမယာသောသူ့အသံဖြင့် "ကရုတ်...ကရုတ်...ကရုတ်..."ဟုမြည်ကာ စကားပြောလေ၏။ ထိုအခါ ဖားမကြီးက လန့်၍ "အို... မင်းက ဒီလိုမပြောလိုက်ပါနဲ့ဦးကွဲ့" မတော်တဆ လန့်နိုးပြီး ထွက်ပြေးသွားဦးမယ်။ သူ့ကို ထွက်မပြေးနိုင်အောင် ဟောဟို စမ်းချောင်းအလယ်က ကြာရွက်ကြီးပေါ်မှာ ပို့ထားရမယ်။ နောက်ပြီးတော့မှ ဟောဟို ခပ်ဝေးဝေးက စမ်းချောင်းအစွန်မှာ အိမ်ကလေးသေးသေး ဆောက်ပြီးတော့ မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးရမယ်။ မင်းတို့နှစ်ယောက် အဲဒီအိမ်သစ်ကလေးမှာ နေကြရမယ်။ အခု အသာနေလိုက်ဦး"ဟု သတိပေးလေ၏။ စမ်းချောင်းထဲ၌ ကြာပင်များ ရှိလေ၏။ ထိုကြာပင်များထဲ၌ ကြာရွက်ကြီးကြီးတစ်ရွက်ကို လိုက်၍ရှာပြီးနောက် ဖားမကြီးသည် မယ်လက်မကလေးကို သစ်ကြားသီးအိပ်ရာမှ ပွေ့၍ချီလာပြီးလျှင် ထိုကြာရွက်ကြီးပေါ်၌ ချသိပ်ထားခဲ့လေ၏။

မနက်မိုးလင်းသောအခါ မယ်လက်မကလေးသည် အိပ်ရာမှနိုးလေ၏။ သူသည်သစ်ကြားသီးအိပ်ရာကလေးမှာ မဟုတ်တော့ဘဲ ရေလယ်ခေါင်ရှိ ကြာဖက်ကြီးပေါ်၌ ရောက်နေမှန်းကို သိရလေ၏။ မယ်လက်မကလေးသည် လန့်နေလေ၏။ ထိုအချိန်၌ ဖားမကြီးသည် စမ်းချောင်းအစွန်ဘက်၌ သူ့သားဖားကလေးနှင့် မယ်လက်မကလေးကို လက်ထပ်ပေးရန် အိမ်အသစ်ကို ဆောက်နေရလေသည်။ အိမ်ကလေးကို လှလှပပဖြစ်စေရန် ကျူပင်များကို ယူ၍ဆောက်ကာ ပန်းပွင့်ဝါဝါကလေးများဖြင့် ဆင်ယင်ထားလေ၏။ အိမ်ကလေးဆောက်၍ ပြီးသောအခါ ဖားမကြီးသည် သူ့သားကိုခေါ်ကာ မယ်လက်မကလေးရှိရာ ကြာဖက်ကြီးဆီသို့ ကူးလာကြလေ၏။ မယ်လက်မကလေးနိုးလာသည်ကိုသိကြ၍ဖားမကြီးကရိုသေစွာဖြင့် "မယ်လက်မကလေးနေဖို့အိမ်ကလေးလည်း ဆောက်ပြီးပါပြီ။ သတို့သားလည်း အသင့်ရှိပါပြီ။ လက်ထပ်ဖို့ပဲ လိုပါတော့တယ်"ဟု ပြောလေ၏။ ဖားကလေးကလည်း ဝမ်းသာအားရဖြင့် "ကရုတ်...ကရုတ်...ကရုတ်..."ဟု အော်၍ ပြောလေ၏။ ဖားကလေးပြောပြီးသောအခါ ဖားမကြီးသည် မယ်လက်မကလေး၏ သစ်ကြားသီးခွံ အိပ်ရာကလေးကို ယူဆောင်ကာ အိမ်သစ်ကလေးဆီသို့ ကူးသွားလေ၏။

မယ်လက်မကလေးသည် ကြာရွက်ကြီးပေါ်၌ တစ်ယောက်တည်းကျန်ခဲ့ရင်း စဉ်းစားနေလေ၏။ အရုပ်ဆိုးသောဖားကလေးနှင့် လက်ထပ်ရမည်ကို ကြောက်ရွံ့နေလေသည်။ ကြာရွက်ကြီးပေါ်မှနေ၍ ပြေးစရာလည်း တွေး၍ မရနိုင်ဖြစ်နေသဖြင့် မယ်လက်မကလေးသည် စိတ်ညစ်ကာ မှိုင်နေလေ၏။ ထိုအခါ ကြာရွက်ကြီးအနီးတွင် ရေကူးနေကြသော ငါးကလေးများက မယ်လက်မ



ကလေးနှင့် ဖားမကြီးသားအမိတို့ ပြောကြဆိုကြသည့်
အကြောင်းကို ကြားသိခဲ့ရပြီးနောက် မယ်လက်မကလေး
တစ်ယောက်တည်း မှိုင်နေသည်ကို မြင်ကြရသောအခါ
သနားလာကြလေ၏။ ငါးကလေးတို့သည် ရေပေါ်သို့
ခေါင်းကလေးများကိုဖော်ကြပြီးလျှင်မယ်လက်မကလေး
ကို ကြည့်ကြလေ၏။ မယ်လက်မကလေးသည် ကြာရွက်
ကြီးပေါ်၌ မှိုင်နေသည်ကို မြင်ကြ၍ ကယ်တင်ရန် ကြံစည်
ကြလေသည်။ ငါးကလေးတို့သည် စုဝေးလာကြကာ
အလွန်လှပသော မယ်လက်မကလေးနှင့် အရုပ်ဆိုးသော
ဖားကလေးကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်အောင် မယ်
လက်မကလေးကို ကယ်ကြရန် တိုင်ပင်ကြလေ၏။ သူ
တို့သည် နောက်ဆုံးအကြံကို ကြိုးစားကြလေ၏။ ငါး
ကလေးတို့သည် မယ်လက်မကလေးနေသော ကြာရွက်
ကြီးအောက်မှနေ၍ အရိုးကို မနားမနေ ကိုက်၍ ဖြတ်ကြ
လေ၏။ ကြာရိုးကြီးမှာ ငါးကလေးတို့ ကိုက်ဖြတ်သော
ကြောင့် မကြာမီ ပြတ်သွားလေ၏။ မယ်လက်မကလေး
သည် ရေပေါ်တွင် မျောနေသော ကြာရွက်ကြီးပေါ်၌ ပါ
သွားလေတော့သည်။

မယ်လက်မကလေးသည် ကြာရွက်ကြီးကိုစီး၍ မျော
နေရာ မြို့ပေါင်းများစွာကို မြင်ရလေ၏။ လှပသော
ငှက်ကလေးများကိုလည်း မြင်ရသည်။ ငှက်ကလေးများ
က တေးဆိုပြသည်ကိုလည်း ကြားရသည်။ မယ်လက်မ
ကလေးသည် ငှက်ကလေးများကို အလွန်ချစ်ခင်
လေ၏။ မယ်လက်မကလေးသည် ရက်ပေါင်းအတန်ကြာ
ရေထဲတွင် မျောနေရာ တစ်နေ့သ၌ နနယ်လှပသော
လိပ်ပြာအဖြူကြီးတစ်ကောင်နှင့် တွေ့ရလေ၏။ လိပ်ပြာ
ကလည်း မယ်လက်မကလေးကို မြင်ရသောအခါ ကြာ
ရွက်ကြီးပေါ်သို့ လာ၍ နားလေ၏။ မယ်လက်မကလေး
လည်း လိပ်ပြာကြီးကို မကြာမကြာ မြင်ရ၍ မကြောက်
တော့ဘဲ မကြာခင် မိတ်ဆွေဖြစ်သွားလေ၏။ လိပ်ပြာကြီး
နှင့် အဖော်ရသောအခါ မယ်လက်မကလေးသည်
ဖားမကြီးတို့ သူ့နောက်သို့ လိုက်မလာတော့ဟုတွေးကာ
အကြောက်ပြေသွားလေ၏။ သူတို့သည် ရေပေါ်တွင်
ဆက်လက်၍ မျောသွားကြရာ ရေပြင်သည် ရွှေရောင်
တောက်နေသည်ကို မြင်ကြရလေ၏။ မယ်လက်မက
လေးသည် မိတ်ဆွေလိပ်ပြာနောက်သို့ လိုက်ချင်၍
သူ့ခါးပတ်ကိုဖြုတ်လိုက်ပြီးလျှင် လိပ်ပြာ၏ခါး၌ တစ်ဖက်
စကိုချည်ကာ တစ်ဖက်စကိုမူ ကြာရွက်ကြီး၌ ချည်ထား
လိုက်လေ၏။ လိပ်ပြာလည်း လေထဲတွင် အရှိန်ပြင်းစွာ
ပျံသန်းသွားလေ၏။ လိပ်ပြာက ပျံလိုက်သောအခါ ခရီး
အလွန် တွင်လေသည်။

ထိုခဏ၌ အလွန်ကြီးသော နွားချေးပိုးကြီးတစ်
ကောင်သည် သူတို့အနီးသို့ ပျံလာလေ၏။ နွားချေးပိုး
သည် မယ်လက်မကလေးကို မြင်ရသောအခါ လှပသော
ကြောင့် လိပ်ပြာထံမှ အတင်းလု၍ ပျံပြေးလေ၏။ လိပ်
ပြာလည်း ကြာရွက်ကြီးနှင့်တွဲလျက် လေထဲတွင်ပျံသန်း
ရင်း ရေထဲသို့ ပြန်ကျသွားလေ၏။ မယ်လက်မကလေး
သည် သူ့မိတ်ဆွေလိပ်ပြာအတွက် စိတ်ပူစွာဖြင့် နွားချေး
ပိုးယူဆောင်ရာသို့ ပါသွားလေ၏။ နွားချေးပိုးသည် မယ်
လက်မကလေးကို သစ်ရွက်တစ်ရွက်ပေါ်၌ ချထားလေ၏။
သူက ပန်းပွင့်များမှ ပျားရည်တို့ကို လိုက်၍ စုပ်ယူလာပြီး
လျှင် မယ်လက်မကလေးကို သောက်စေ၏။ နွားချေးပိုး
က မယ်လက်မကလေးကိုကြည့်ကာ “မင်းဟာ သိပ်လှ
တယ်ကွယ်။ ဒါပေမဲ့ နွားချေးပိုးနဲ့တော့ နည်းနည်းမှ
မတူဘူး”ဟု ပြောလေ၏။ သူတို့က မဲ့ရွဲ့ကြပြီးလျှင် “ဟင်...
သူက တယ်အရုပ်ဆိုးပါကလား။ ခြေထောက်ကလည်း
နှစ်ချောင်းထဲရှိတယ်။ ငါတို့လိုလည်းမဟုတ်ဘူး”ဟု ပြော
လေ၏။ အချို့ကလည်း “ဟင်... သူ့မှာ နှုတ်သီးလည်း မပါ
ဘူး၊ ဘာပါလိမ့်”ဟု ကဲ့ရဲ့ကြသည်။ အချို့ကမူ “ဟင်...
သိပ်ငယ်တဲ့ဟာကလေးပဲ ဘယ်လိုလူကလေးပါလိမ့်”ဟု
အပြစ်ဆိုကြသည်။ နွားချေးပိုးမတို့သည် မယ်လက်မ
ကလေးကို အရုပ်ဆိုးသည်ဟု ထင်ကြသည်။ အပြစ်ဆို
ကြသည်။ ထိုအခါ မယ်လက်မကို လုယူလာသော နွား
ချေးပိုးသည် မယ်လက်မကို လှသည်ဟု မထင်တော့ဘဲ

"ကဲ... မင်းဟာ သူတို့ထင်သလို အရုပ်ဆိုးတယ်။ ဒါကြောင့် ငါနဲ့ မနေနင့်တော့။ မင်းသွားလိုရာကို သွားပေတော့"ဟု နှင်လွှတ်လိုက်လေ၏။ မယ်လက်မကလေးသည် ပန်းပွင့်တစ်ပွင့်ပေါ်၌ ခဏနားနေလေ၏။ မယ်လက်မကလေးသည် ပန်းပွင့်ပေါ်၌နေရင်း သူ့ကိုယ်သူ ဝမ်းနည်းလာကာ ငိုယိုလေ၏။ အလှဆုံး မိန်းကလေးဖြစ်ရသော်လည်း သူ့ကို မည်သူကမျှ အသိမလုပ်ကြတော့သဖြင့် မခံချင်ဖြစ်နေလေသည်။ ထိုကဲ့သို့ မယ်လက်မကလေးသည် တောထဲ၌ တစ်ယောက်တည်းနေကာ ပန်းပွင့်များမှ ဝတ်ရည်တို့ကို ရှာဖွေ၍ စားသောက်နေထိုင်ရလေ၏။ ဆောင်းဦးပေါက်ချိန်သို့ ရောက်လာသောအခါ မယ်လက်မကလေးသည် အလွန်ချမ်းလာသဖြင့် မြက်ရွက်များကိုယူကာ သစ်ပင်ကြီးအောက်၌ တွယ်ကပ်၍နေရလေသည်။ ငှက်ကလေးများသည် မယ်လက်မရှိရာသို့ လာကြပြီးလျှင် သီချင်းဆိုကြလေ၏။ သီချင်းသံကလည်း အလွန်သာယာသဖြင့် မယ်လက်မကလေးက ငှက်ကလေးများကို ချစ်ခင်သည်။

ဆောင်းလယ်သို့ ရောက်သောအခါ အေးလွန်းသောကြောင့် သစ်ရွက်များ ကြွေကျကြလေ၏။ မယ်လက်မကလေး မှီခိုနေသော သစ်ပင်ကြီးမှာလည်း သစ်ရွက်များကြွေကျသောကြောင့် အရိုးထီးထီးဖြစ်နေလေ၏။ ထိုအခါ မယ်လက်မကလေး၏ အင်္ကျီမှာလည်း စုတ်ပြတ်နေပြီဖြစ်၍ အချမ်းမလုံနိုင်ရှာဘဲ ခိုက်ခိုက်တုန်အောင် ဆင်းရဲနေလေသည်။ မယ်လက်မကလေးသည် မနေနိုင်တော့ဘဲ မြေကြီးပေါ်တွင် ကြွေကျနေသော သစ်ရွက်ခြောက်များအထဲတွင် ဝင်၍ လှိမ့်နေလိုက်ရလေသည်။

မယ်လက်မကလေးနေသော တောအနီး၌ လယ်ခင်းတစ်ခင်း ရှိလေ၏။ လယ်ခင်းမှာလည်း ရိတ်သိမ်းပြီးစဖြစ်သဖြင့် အရိုးငေါက်ငေါက် ဖြစ်နေလေ၏။ မယ်လက်မကလေးသည် ထိုလယ်ခင်းရှိရာသို့ လမ်းလျှောက်ထွက်လာရာ မကြာမီ မြေကြီးပေါ်၌ တံခါးပေါက်ကလေးတစ်ပေါက်ကိုမြင်ရ၍ ချောင်းကြည့်လိုက်ရာ လယ်ကြွက်ကြီးတစ်ကောင်၏အိမ်ဖြစ်နေသည်ကို သိရလေ၏။ အိမ်ကလေးထဲ၌စပါးစေ့များအပြည့်လှောင်ထားသောအခန်းတစ်ခန်းရှိလေ၏။ မယ်လက်မကလေးသည် သူတောင်းစားမကလေးကဲ့သို့ လယ်ကြွက်ကြီး၏ အိမ်ပေါက်ဝမှာနေ၍ အစာတောင်းလေ၏။ "ကျွန်မကို စားစရာကလေးများ ပေးပါရှင့်"ဟု တောင်းလိုက်သောအခါ လယ်ကြွက်ကြီးက သနားလာကာ စပါးစေ့များကို ကျွေးလေ၏။ ကျွေးပြီးသောအခါ လယ်ကြွက်ကြီးက "မိန်းကလေးတစ်ယောက်တည်း ဒုက္ခခံမနေနင့်တော့။ ကျုပ်နှင့်ပဲ ကောင်းမွန်စွာ လာနေပါ။ မင်းနေဖို့ ဟောဟိုအခန်းကလေးကို ရှင်းလင်းပြီးနေပေတော့"ဟု ပြောလေ၏။ မယ်လက်မကလေးကလည်း သနားကြင်နာတတ်သော လယ်ကြွက်ကြီးကို ကျေးဇူးတင်ကာ သူနေရန်ပေးသောအခန်းကလေးကို ရှင်းလင်းပေး၏။ မယ်လက်မကလေးသည် လယ်ကြွက်ကြီးနှင့် အဖော်ပြုကာ ကောင်းမွန်စွာ နေထိုင်ရလေ၏။

တစ်နေ့သ၌ လယ်ကြွက်ကြီးက "မိန်းကလေး... ဒီကနေ့ ကျုပ်တို့အိမ်ကို ဧည့်သည်တစ်ယောက် လာလိမ့်မယ်။ ကောင်းစွာပြုစုပါ။ သူက ကျုပ်မိတ်ဆွေပါပဲ။ ကတ္တီပါအင်္ကျီကို ဝတ်လာလိမ့်မယ်။ သူ့မှာ ပစ္စည်းတွေလည်း အင်မတန်ပေါတယ်။ လှလည်းလှတယ်။ မိန်း



ကလေး သူ့ကို လက်ထပ်မယ်ဆိုရင် ကောင်းမှာပဲ။ အားကိုးရမှာပဲ”ဟုပြောလေ၏။မယ်လက်မကလေးက“သူကဘယ်သူလဲ...ဟင်”ဟု မေးသောအခါ လယ်ကြွက်ကြီးက“သူက ပွေးဆိုတဲ့ သတ္တဝါအမျိုးထဲကပါ။ ပွေးဟာ သဘောကောင်းပါတယ်”ဟု ပြောလေ၏။ မယ်လက်မကလေးသည် ရောက်လာသော ဧည့်သည်ပွေးကို ကြည့်လိုက်သောအခါ မျက်လုံးပေါက်ကလေးကျဉ်းကျဉ်းဖြင့် အလွန်အရုပ်ဆိုးသည်ကို သိရလေ၏။ လယ်ကြွက်ကြီးကမူ စိတ်အားထက်သန်စွာဖြင့် မယ်လက်မအား “ပွေးဟာ ကျုပ်ထက် ချမ်းသာပါတယ်။ ပစ္စည်း အလွန်ပေါတဲ့သူပဲ”ဟု ပြောလိုက်သေးသည်။ တစ်ခါတစ်ရံ ပွေးလာ၍ လည်သောအခါတို့၌ ပွေးက မယ်လက်မကလေးကို သီချင်းဆိုပြခိုင်းလေ၏။ ပွေးသည် မယ်လက်မကလေးကို ချစ်ခင်လာလေ၏။ မယ်လက်မကလေး၏အသံကလည်း အလွန်သာယာသောကြောင့် ပွေးသည် မချစ်ဘဲ မနေနိုင်ပေ။ နောက်များမကြာမီ မယ်လက်မနှင့် လယ်ကြွက်ကြီးတို့သည် ပွေးနေသောအိမ်သို့ အလည်သွားကြလေ၏။ ပွေးသည် မယ်လက်မကလေးအလည်လာဖို့ လွယ်ကူစေရန် လယ်ကြွက်ကြီးအိမ်နှင့် သူ့အိမ်နှစ်ခုကို ဆက်မိအောင် လမ်းတစ်လမ်း အသစ်ဖောက်ထားပေးလေ၏။ ထိုလမ်းမှာ စပါးပင်ရိုးပြတ်များအောက်တွင် ရှိလေသည်။ မယ်လက်မကလေးတို့သည် ပွေးထံသို့ ပျင်းသည့်အခါတိုင်း အလည်သွားလေ့ရှိသည်။ တစ်နေ့သ၌လယ်ကြွက်ကြီး၊ မယ်လက်မကလေးနှင့်ပွေးတို့သည်ထိုလမ်းသစ်ကလေးမှ ပြန်လာကြရာ လမ်းဘေး၌ ငှက်ကလေးတစ်ကောင် လဲကျနေသည်ကို မြင်ကြရလေ၏။ ငှက်ကလေးသည် ပျံလွှားငှက်ကလေးဖြစ်နေသည်ကို သိရလေ၏။ ပျံလွှားငှက်ကလေးသည်မကြာမီကမှသေသည်ဟုထင်ရသည်။ အကြောင်းမှာမူ သူ့အတောင်ကလေးနှစ်ဖက်မှာ စုနေကာ ခြေနှစ်ဖက်မှာလည်း အတောင်ကြားထဲသို့ ကွေးဝင်နေလျက်၊ ကိုယ်ငွေ့များလည်း နွေးနွေးကလေးသာ ရှိနေသောကြောင့် ဖြစ်လေသည်။ ပွေးသည် ပျံလွှားငှက်ကလေးကို သူ့ခြေထောက်အတိုကလေးဖြင့် တွန်းပစ်လိုက်ပြီးလျှင် “ကြည့်စမ်း... သူအခု သီချင်းမဆိုနိုင်တော့ဘူး။ သေသွားပြီ။ ငှက်ဖြစ်ရတာ အင်မတန် ကံဆိုးတယ်။ သူတို့ဟာ နွေအခါမှာ တေးတကြော်ကြော်ဆိုကြရပြီး ဆောင်းပေါက်လာပြီဆိုမှဖြင့် အအေးကို မခံနိုင်ဘဲ သေကုန်ကြရတာပဲ”ဟု ပြောလိုက်လေ၏။ လယ်ကြွက်ကြီးကလည်း “အင်း... ခင်ဗျားပြောတာ အင်မတန် မှန်ပါတယ်။ ဆောင်းပေါက်လို့ရှိရင် သေရမယ့်အတူတူပေမယ့် နွေအခါမှာ သီချင်းဆိုရသေးတာပေါ့”ဟု ပြောလိုက်လေ၏။ မယ်လက်မကလေးမူ ဘာမှ မပြောချေ။ လယ်ကြွက်ကြီးနှင့် ပွေးတို့ လှည့်ထွက်သွားကြသောအခါ မယ်လက်မကလေးသည် ပျံလွှားငှက်၏ ကိုယ်ကလေးကို လက်ကလေးဖြင့် သပ်လိုက်ကာ ငုံ့၍ နမ်းကြည့်လေ၏။ နမ်းပြီးလျှင် သူက “မင်းဟာ နွေပေါက်လာတဲ့အခါ သီချင်းပြန်ပြီးဆိုနိုင်ရင် သိပ်ကောင်းမှာပဲနော်”ဟု ပြောလိုက်လေသည်။

ထိုည၌ မယ်လက်မကလေးသည် အိပ်၍ မပျော်နိုင်ချေ။ လဲနေရှာသော ပျံလွှားငှက်ဆီသို့သာ စိတ်ရောက်နေလေ၏။ ငှက်ကလေးကိုသနားသော မယ်လက်မကလေးသည် အိပ်ရာမှ ရုတ်တရက်ထပြီးလျှင် ကောက်ရိုးစောင်တစ်ထည် ရက်လေ၏။ ရက်ပြီးသောအခါ မီးဖိုမှ မီးတုတ်ကလေးတစ်ချောင်းကို ဆွဲယူပြီးလျှင် လမ်းသစ်ဆီသို့ ထွက်လာလေ၏။ လမ်းဘေး၌ လဲနေသော ပျံလွှားငှက်ကို တွေ့ရသောအခါ ကောက်ရိုးစောင်ကလေးဖြင့် ကောင်းစွာ ခြုံပေးလေ၏။ ငှက်ကလေးမှာ နွေးနေသဖြင့် မယ်လက်မကလေးက ရင်ဘတ်ပေါ်သို့ ကပ်၍နားထောင်လိုက်သောအခါ အသက်ရှူနေသည်ကို သိရလေ၏။ မယ်လက်မကလေးသည် ဝမ်းသာအားရဖြင့် “မင်းတော့ ဒီနွေပေါက်ရင် သီချင်းကောင်းကောင်း ဆိုနိုင်ပါပြီကွယ်”ဟုဆိုကာ စောင်ကလေးဖြင့် ထပ်၍ ခြုံပေးထားခဲ့လေ၏။ နောက်တစ်နေ့ည၌ မယ်လက်မကလေးသည် လယ်ကြွက်ကြီးမသိအောင် လမ်းသစ်ဆီသို့ ထွက်လာပြန်

လေ၏။ ထိုအချိန်၌ ပျံလွှားငှက်ကလေးသည် သတိရကာ နေကောင်းနေပြီဖြစ်သည်ကို သိရလေ၏။ သို့ရာတွင် အလွန်အားနည်းနေသေးသည်။ ငှက်ကလေးက "ကျေးဇူးတင်လိုက်တာဗျာ။ ကျွန်တော် အခု နွေးလာပြီး မသေနိုင်တော့ပါဘူး။ ဆောင်းပေါက်ချိန်တုန်းက ပျံလွှားငှက်တွေနွေးတဲ့ တိုင်းပြည်ကို ပြန်သွားကြရာမှာ ကျွန်တော်က နောက်ကျန်နေခဲ့ရလို့ အအေးမိပြီး မေ့နေရတာပါ။ အခု မကြာခင်မှာ ကျွန်တော်လည်း သူတို့လိုနွေးတဲ့တိုင်းပြည်တွေကိုသွားနိုင်တော့မှာပါပဲ"ဟုပြောလေ၏။မယ်လက်မကလေး "အို...ရှင်မသွားပါနဲ့ဦး။မြေပေါ်မှာအင်မတန်အေးနေပါတယ်။ ရှင်ကောင်းကောင်း ပျံနိုင်တော့မှာပဲ သွားပါ။ ကျွန်မ ရှင့်ကို ပြုစုပါ့မယ်"ဟု ပြောလေ၏။ မယ်လက်မကလေးသည် ပျံလွှားငှက်ကလေးအတွက် သောက်ရေနှင့် အစာတို့ကို ယူလာပေးလေ၏။ အတောင်ကလေးကိုလည်း ဘီးဖြင့် ကောင်းမွန်စွာ ဖီးပေးလေ၏။ ထိုသို့ မယ်လက်မကလေးက ပျံလွှားငှက်ကို ပြုစုနေရသည်ကို ပွေးနှင့် လယ်ကြွက်ကြီးတို့ မသိကြချေ။ သူတို့သည် ငှက်များကို အလွန်မုန်းကြသည်။

ရက်များမကြာမီ၌ ပျံလွှားငှက်ကလေးသည် ကောင်းစွာ ပျံသန်းနိုင်လာလေသည်။ မယ်လက်မကလေးသည် ပွေးပိတ်ပစ်ခဲ့သော လမ်းသစ်ကလေး၏ တံခါးပေါက်ကို တိတ်တိတ်ဖွင့်ပေးလေ၏။ ပျံလွှားငှက်ကလေးက မယ်လက်မအား "မင်း ငါနဲ့လိုက်ချင်ရင် လိုက်ခဲ့ပါ။ မင်းကိုငါ ကျေးဇူးဆပ်ပါ့မယ်။ ဘယ့်နှယ့်လဲ... လိုက်မယ်မဟုတ်လား"ဟု မေးလေ၏။ မယ်လက်မကလေးလည်း ပျံလွှားငှက်နှင့် လိုက်ချင်ပါ၏။ သို့ရာတွင် သူလိုက်သွားပါက သူ့ကိုခင်မင်နေသော လယ်ကြွက်ကြီး စိတ်မကောင်းဖြစ်တော့မည်ဟု တွေးကာ "ဟင့်အင်း... မလိုက်ချင်ပါဘူး။ ရှင်သာသွားပေတော့"ဟုပြောကာ ငေးမျှော်၍ ကျန်နေခဲ့လေ၏။ ပျံလွှားငှက်ကလေးသည် စိမ်းလန်းသောတောကြီးထဲသို့ ပျံသွားရင်း နှုတ်မှ ပျော်ရွှင်စွာ သီချင်းဆိုသွားသည်ကို မယ်လက်မကလေး ကြားလိုက်ရလေ၏။ ငှက်ကလေးမရှိသောအခါ၌မယ်လက်မကလေးသည်အလွန်ပျင်းနေလေ၏။လယ်ကြွက်ကြီးကလည်း သူ့အားမြေကြီးပေါ်သို့တက်သွားရန် အခွင့်မပေးချေ။ နေရောင်ကိုလည်း မတွေ့မြင်ရချေ။ လယ်ကြွက်ကြီး၏ အိမ်ကလေးအနီးတွင် စပါးပင်များ ကောင်းစွာ ပြန်လည်ပေါက်နေကြပြီဖြစ်သဖြင့် မယ်လက်မကလေးအဖို့ တောကြီးတစ်တောနှင့် တူနေလေသည်။

တစ်နေ့သ၌ လယ်ကြွက်ကြီးက "မိန်းကလေး မင်းနှင့်ပွေးကို လက်ထက်ပေးဖို့ အချိန်တန်နေပြီ။ လက်ထပ်ပွဲမှာဝတ်ဖို့ အဝတ်တွေတောင် ချုပ်ရတော့မယ်။ ပွေးက မင်းကို လှလှပပ ပြင်ပေးရမယ်လို့ ပြောထားတယ်"ဟု ပြောလေ၏။ မယ်လက်မကလေးသည် အလွန် စိတ်ညစ်သွားလေ၏။သူ့အတွက် လက်ထပ်အင်္ကျီတို့ကို ပင့်ကူကြီးလေးကောင်က အလုည့်ကျ ရက်လုပ်ကြရသည်။ မယ်လက်မကလေးကလည်း ဝိုင်းကူ၍ လုပ်ပေးရသည်။ ပွေးသည် မယ်လက်မထံသို့ ရောက်လာကာ "နွေကုန်သွားရင် မင်း ငါနှင့် လက်ထပ်ဖို့သာ ပြင်ထားပေတော့"ဟု ပြောလေ၏။ မယ်လက်မကလေးသည် စိတ်ညစ်ညစ်ဖြင့် လယ်ကြွက်ကြီးလစ်သော မနက်တိုင်းနှင့် ညနေတိုင်းတို့တွင် အိမ်ပေါက်ဝသို့ထွက်၍ ကြည့်လေ၏။ သူသည် အိမ်ပေါက်ဝ၌ စပါးပင်များကို မြင်ရ၍ မိုးကောင်းကင်ကို မော့ကြည့်ခဲ့လေသည်။ ပျံလွှားငှက်ကလေးကား တောထဲသို့ ထွက်သွားပြီဖြစ်၍ ဘယ်တော့မှ ပြန်မလာနိုင်တော့ဟု မယ်လက်မကလေးက တွေးနေလေသည်။

နွေဦးပေါက်သို့ ရောက်သောအခါ ပွေးက မယ်လက်မကလေးအား "ဟေ့… မိန်းကလေး မင်းနဲ့ လက်ထက်ဖို့ လေးပတ်တိတိပဲ လိုတော့တယ်"ဟု ပြောပြန်လေ၏။ မယ်လက်မကလေးသည် ဝမ်းနည်းလွန်းသဖြင့် ငိုလေ၏။ လယ်ကြွက်ကြီးကမူ "အို… မိန်းကလေးက ဘာကြောင့်ငိုနေတာလဲ၊ ပွေးနှင့်မင်း လက်မထပ်လို့ရှိရင် မင်းကို ရိုက်ရလိမ့်မယ်။ ပွေးဟာ အင်မတန်လှတယ်။ ပစ္စည်းချမ်းသာတယ်။ ရှင်ဘုရင်တောင် သူ့လောက်မလှနိုင်ဘူး။ မိန်းကလေး သူ့ကို ယူလိုက်ရင် သိပ်ကံကောင်းမယ်"ဟု ပြောလေ၏။

မယ်လက်မကလေးနှင့် ပွေးတို့ လက်ထပ်မည့်နေ့သို့ ရောက်လာလေ၏။ မယ်လက်မကလေးအား လယ်ကြွက်ကြီးက ဘယ်ကိုမှထွက်မပြေးနိုင်အောင် မြေကြီးထဲရှိအခန်းတစ်ခန်းထဲ၌ သွင်းထားသည်။ မယ်လက်မကလေးသည် နေရောင်ခြည်ကိုလည်း မမြင်ရ၊ ပြာလွဲ့သော ကောင်းကင်ကိုလည်း မမြင်ရဘဲ အလွန်စိတ်ညစ်နေရလေသည်။ မယ်လက်မသည် သူ့မိတ်ဆွေ ပျံလွှားငှက်ကလေးနှင့် တစ်ခါလောက် တွေ့ချင်နေလေသည်။ ထို့ကြောင့် လယ်ကြွက်ကြီးထံ၌ "အိမ်ပေါက်ဝမှာ ခဏထွက်ကြည့်ပါရစေ"ဟု အခွင့်တောင်းလေ၏။ လယ်ကြွက်ကြီးကလည်း လက်ထပ်မည့်ဆဲဆဲ ဖြစ်နေသောကြောင့် မယ်လက်မကလေးကို အလိုလိုက်ကာ "ကောင်းပြီး– ခဏ ထွက်ကြည့်ပါ"ဟု အခွင့်ပေးလိုက်လေ၏။

မယ်လက်မကလေးသည် အိမ်ပေါက်သို့ထွက်၍ ကြည့်လိုက်သောအခါ ပူနွေးသော နေရောင်ခြည်ကို မြင်ရသည်။ တောက်ပသောကောင်းကင်ကိုလည်း မြင်ရသည်။ သူသည် ရိတ်သိမ်းပြီးစ စပါးပင်ပြတ်များကြား၌ လယ်ကြွက်ကြီးမသိအောင် ခဏလျှောက်၍ ကြည့်နေလေ၏။ လေသည် တသုတ်သုတ် တိုက်ခတ်နေလေ၏။ မယ်လက်မကလေးသည် လက်ထဲ၌ ပန်းပွင့်အနီကလေးတစ်ပွင့်ကို ကိုင်ရမ်းလျက် "နေမင်းကြီးရယ်… ကျွန်မ မိတ်ဆွေ ပျံလွှားငှက်ကလေးကိုတွေ့ရင် မယ်လက်မကလေးတော့ ပွေးနှင့် လက်ထပ်ရပြီး မဲမှောင်နေတဲ့ မြေတွင်းကြီးထဲမှာ နေရပြီလို့ ပြောလိုက်စမ်းပါနော်"ဟု နှုတ်ဆက်ကာ မှာလေ၏။

ထိုခဏ၌ ကောင်းကင်ပေါ်မှ "တွစ်…တွစ်…တွစ်"ဟု အော်မြည်လာသော ပျံလွှားငှက်ကလေးတစ်ကောင်ကို မြင်လိုက်ရလေ၏။ မယ်လက်မကလေးသည် သူ့မိတ်ဆွေငှက်ကလေးကို တွေ့ရလိုတွေ့ရငြား မော့ကြည့်လိုက်ရာ သူ့ဆီသို့ ပျံဆင်းလာနေသော ပျံလွှားငှက်ကလေးကို တွေ့ရလေ၏။ မယ်လက်မကလေးသည် အလွန်ဝမ်းသာသွားလေ၏။ ပျံလွှားငှက်ကလေးက "မင်းဆီကိုငါ အခုနှုတ်ဆက်ဖို့ လာခဲ့တာပဲ။ ငါ မကြာခင်မှာ နွေးတဲ့တိုင်းပြည်ကို ပြောင်းသွားတော့မယ်။ မင်း ငါနဲ့ လိုက်ခဲ့ပါ။ ဘာဖြစ်လို့ ဒီလောက်အရုပ်ဆိုးတဲ့ပွေးနဲ့ လက်ထက်ပြီး မဲမှောင်နေတဲ့မြေအောက်မှာ နေရမလဲ။ လိုက်ခဲ့ပါကွယ်။ မင်းခါးပတ်ကလေးကို ငါ့အတောင်မှာ ပတ်ပြီး လိုက်ခဲ့ရင် ငါ ခေါ်သွားနိုင်ပါတယ်"ဟု ပြောလေ၏။ မယ်လက်မကလေးလည်း ငှက်ကလေးပြောသည်ကို သဘောကျကာ သူ့ခါးမှ ခါးပတ်ကလေးကိုဖြုတ်၍ ငှက်ကလေး၏

အတောင်မှာ ချည်လိုက်လေ၏။ သူသည် အရုပ်ဆိုးသော ပွေးနှင့် အတင်းပေးစားမည့် လယ်ကြွက်ကြီးကို မပြောတော့ဘဲ ငှက်ကလေး၏ ကျောပေါ်သို့တက်ကာ လိုက်လာခဲ့လေ၏။ သူတို့သည် တိုင်းပြည်များစွာကို ကျော်၍ ပျံသန်းလာကြလေ၏။

နောက်ဆုံး၌ သူတို့သည် နေရောင်ခြည်ဖြာနေသော တိုင်းပြည်တစ်ပြည်သို့ ရောက်ကြလေ၏။ ထိုတိုင်းပြည်၌ ပန်းများ တစ်နှစ်ပတ်လုံး ပွင့်ကြသည်။ ပန်းအမျိုးပေါင်းများစွာတို့ ပွင့်ကြကာ မွှေးသောရနံ့များဖြင့် ထုံနေလေ၏။ ချစ်စဖွယ် ကလေးများစွာတို့သည် ပြေးဆော့ရင်း လိပ်ပြာကလေးများကို လိုက်ဖမ်းနေကြသည်ကို မြင်ရလေ၏။ ပျံလွှားငှက်က ပို၍ ပျံသန်းလေ၊ ပို၍ လှသည်တို့ကို မြင်ရလေဖြစ်နေလေ၏။ သူတို့သည် အလွန်ကြည်အေးသော ရေကန်ကြီးတစ်ကန်သို့ရောက်ကြ၍ ထိုရေကန်ကြီးအနီး၌ ကျောက်ဖြူနန်းတော်ကြီးတစ်ဆောင်ကို မြင်ရလေ၏။ ထိုနန်းတော်၏ အမိုးအောက်၌ များစွာသောပျံလွှားငှက်အသိုက်တို့ကို မြင်ရလေ၏။ ပျံလွှားငှက်က "ဒီမှာ ကျုပ်နေပါတယ်" ဟု ပြောလေ၏။ "ဒါပေမဲ့... မင်းနေဖို့တော့ မသင့်ပေဘူး။ မင်းနေဖို့ အလွန်လှတဲ့ပန်းပွင့်ကို လိုက်ရှာပါ။ ပန်းပွင့်ထဲမှာနေပါ" ဟုပြောလေ၏။ မယ်လက်မကလည်း သူနေရန် ပန်းပွင့်များကို လိုက်၍ ကြည့်လေ၏။ ပန်းမျိုးစုံထဲ၌ အလွန်လှပသော ပန်းပွင့်တစ်ပွင့်ကို မယ်လက်မကလေး မြင်ရလေ၏။ ထိုပန်းပွင့်မျိုးကို အရင်က တစ်ခါမှ မမြင်ဖူးသေးချေ။ မယ်လက်မကလေးနေရန် ပန်းပွင့်ကို ရွေးပြီးသောအခါ ပျံလွှားငှက်သည် မယ်လက်မကလေးကို ထိုပန်းပွင့်ဆီသို့ သွား၍ ချပေးလိုက်လေ၏။ မယ်လက်မကလေးသည် ပန်းပွင့်ထဲ၌ နေတော့မည်ပြုစဉ် အလွန်လှပသောမင်းသားကလေးတစ်ပါးကို တွေ့ရလေ၏။ ပန်းမင်းသားကလေးသည် မယ်လက်မကို မြင်သောအခါ အလွန်လှပသည်ဖြစ်၍ သဘောကျကာ "မင်းငါ့ကို လက်ထပ်နိုင်မလား" ဟု မေးလေ၏။ မယ်လက်မကလေးမှာပန်းမင်းသားကလေးမေးသည်ကိုသဘောကျသွားလေ၏။ သည်တစ်ခါ တွေ့ရသော သတို့သားမှာ အရင်တွေ့ခဲ့ရသော ဖားပြုတ်ကလေးနှင့် အလွန်ရုပ်ဆိုးသော ပွေးတို့ကဲ့သို့မဟုတ်ဘဲ သူကဲ့သို့ပင် ပန်းပွင့်မှမွေး၍ အလွန်လှပသောသူသာ ဖြစ်နေသောကြောင့် ဝမ်းသာစွာဖြင့် "ဟုတ်ကဲ့... ကောင်းပါပြီ" ဟု ကတိပြုလိုက်လေ၏။

ထိုခဏ၌ ပန်းဖူးပန်းငုံအပေါင်းတို့သည် ချက်ချင်း ပွင့်အာကြကာ အထဲမှ လူကလေးများစွာတို့ ထွက်လာကြသည်ကို မြင်ရလေ၏။ သူတို့သည်လည်း ပန်းပွင့်မှ မွေးသော လူကလေးများ ဖြစ်ကြလေ၏။ သူတို့သည် မယ်လက်မကလေးနှင့် ပန်းမင်းသားကလေးတို့၏ လက်ထပ်ပွဲ၌ လက်ဆောင်တစ်ခု ပေးလေ၏။ ထိုလက်ဆောင်မှာ ယင်ဖြူကြီးတစ်ကောင်မှရလိုက်သော ငွေရောင်အတောင်ကလေးတစ်စုံဖြစ်လေ၏။ ထိုအတောင်ကိုမယ်လက်မကလေးအဖို့ လက်ဖွဲ့ကြလေသည်။ ထိုအတောင်ကိုတပ်ကာ မယ်လက်မကလေးသည် ပန်းပွင့်များအပေါ်၌ ပျံသန်းကာ ဆော့မြူးနိုင်မည် ဖြစ်လေသည်။

မိတ်ဆွေ ပျံလွှားငှက်ကလေးမှာမူ မယ်လက်မကလေးနှင့် ခွဲရသော်လည်း ဝမ်းမနည်းနိုင်ဘဲ မယ်လက်မကလေး ကောင်းစားသွားသည်ကို မြင်ရသည့်အတွက် အလွန် ဝမ်းသာကြည်နူးနေလေသည်။

(သွေးသောက်၊ မတ်၊ ၁၉၆၂)

နယဉ်

# ကြွက်နှင့်ဆင်

သစ်ပင်တစ်ပင်အောက်မှာ ကြွက်ထောင်ပေါင်းများစွာ နေထိုင်ကြတယ်။ သူတို့မှာ ကြင်နာတတ်တဲ့ ဘုရင်တစ်ပါးရှိတယ်။ ဘုရင်က သူတို့အချင်းချင်း ကြင်နာကြဖို့ ကူညီကြဖို့ အမြဲပြောပြတတ်တယ်။ ကြွက်တွေက သူ့အပေါ် သစ္စာရှိကြပြီး ဘာဖြစ်ဖြစ် စွန့်လွှတ်ဖို့ အသင့်ပါပဲတဲ့။

တစ်နေ့မှာ ကံမကောင်းတဲ့ မတော်တဆမှုတစ်ခု ဖြစ်ပွားပါတယ်။ ကြွက်တွေနေတဲ့ နေရာကို ဆင်အချို့က ရုတ်တရက် ဖြတ်သွားကြတယ်။ ကြွက်တွေက အပြင်မှာ သတိလက်လွတ် ပြေးလွှားကစားနေကြတယ်။ ဆင်တွေကို သူတို့ သတိမထားနိုင်ကြဘူး။ ဆင်တွေရဲ့ခြေထောက်ကြီးတွေအောက် ရောက်သွားတဲ့ ကြွက်ကလေးတွေခမျာ သေကြရတယ်။ သူတို့ရဲ့အိမ်တွေ ပျက်စီးကြတယ်။



အသက်ရှင်ကျန်သူအချို့က ဘုရင်ဆီသွားပြီး ဝမ်းနည်းပက်လက်နဲ့ ပြောပြကြတယ်။ “ဆင်တစ်ချို့က ကျွန်တော်တို့အိမ်တွေကို ဖျက်ဆီးပြီး ကျွန်တော်တို့အပေါင်းအဖော်တွေကို သတ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ဘဝဟာ မလုံခြုံပါဘူး။ သူတို့ ထပ်လာချင် လာကြမှာပါ” ဘုရင်က သူတို့ကို ကိုယ်ချင်းစာနာစွာနဲ့ပြောတယ်။ “မပူကြပါနဲ့၊ ဆင်တွေရဲ့ဘုရင်ကို အခြားလမ်းကနေသွားဖို့ ငါ တောင်းဆိုပါ့မယ်”



ဘုရင်က ဆင်အုပ်ဆီ အမြန်သွားပြီး သူတို့ရဲ့ခေါင်းဆောင်ကို ယဉ်ယဉ်ကျေးကျေး ပြောပါတယ်။ “ကျွန်တော်က ကြွက်ဘုရင်ပါ၊ ဆင်တွေအနေနဲ့ အခြားလမ်းကိုသုံးဖို့ တောင်းဆိုပါတယ်။ မနေ့က ကျွန်တော်တို့နေရာကို ဆင်တစ်အုပ်ဖြတ်သွားတော့ အိမ်တွေပျက်စီးပြီးကြွက်တွေလည်းသေကပါတယ်။ ဆင်ဘုရင်က သူတို့အမှားအတွက် စိတ်မကောင်းဖြစ်ပြီး အခြားလမ်းကနေ သွားကြတယ်။



တစ်နေ့မှာ တောအုပ်ထဲကို မုဆိုးအချို့ရောက်လာတယ်။ သူတို့က ဆင်အားလုံးကို ထောက်ချောက်ဆင် ဖမ်းဆီးနိုင်ခဲ့ကြတယ်။ ဆင်တွေကသူတို့တော့ဇာတ်သိမ်းပြီလို့ တွေးကြပေမယ့်ဆင်ဘုရင်ကြီးကအကြံတစ်ခု ရလာတယ်။ ကြွက်တွေက သူတို့ကို ကူညီနိုင်တာ သတိရသွားတယ်။ အပင်ပေါ်မှာနားနေတဲ့ ငှက်တစ်ကောင်ကို သူက တောင်းပန်ပြောဆိုလိုက်တယ် “ကြွက်ဘုရင်ကို သွားပြောပေးပါဗျာ။ ဆင်တွေဟာ အသက်ဘေးနဲ့ ရင်ဆိုင်နေရပါတယ်ဆိုတာကို”

ငှက်ကလေးကလည်း စကားနားထောင်ရှာတယ်။ သူက ကြွက်ဘုရင်ဆီ ချက်ချင်းပျံသွားပြီး ပြောပြတယ်။ "အသင့်မိတ်ဆွေတွေက သင်တို့ကို လိုအပ်နေကြပါတယ်။ ဆင်တစ်ချို့ပိုက်ကွန်မှာ မိနေကြပါတယ်။ သိပ်မကြာမီ မုဆိုးတွေက သူတို့ကို သတ်တော့မှာပါ။ သူတို့အသက်ကို မြန်မြန်ကယ်ပေးပါရှင်..."

ဘုရင်ကကြွက်တွေအားလုံးဆင်တွေကိုကယ်ဖို့အမိန့်ပေးလိုက်တယ်။ထောင်ပေါင်းများစွာသောကြွက်တွေ ရောက်လာကြပြီး ဆင်တွေကို ချုပ်နှောင်ထားတဲ့ကြိုးတွေကို ကိုက်ဖြတ်ပစ်ကြတယ်။ ဆင်တွေက သူတို့ကို ကျေးဇူးတင်ပြီး တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကူညီကြဖို့ သိန္နိဋ္ဌာန်ချကြတယ်။

# လက်ပံတောင်းတောင်က မနင်းချို

ခွန်းချိုသံသာ

နာမည်ကြီးစရာ ဖန်လာတတ်တဲ့ မြို့၊ ရွာ၊ အရပ်ဒေသတစ်ခုမှာ ဟိုးရှေးရှေးက အားကြီးသော အကြောင်းရင်းတွေ အခိုင်အမာ ရှိနေတတ်ကြစမြဲပါ။ ကြည့်လေ... မကြာသေးခင်က ကြေးနီသတ္တုတူးဖို့ အရေးကနေ ပြဿနာအကြီးကြီး ဖြစ်သွားခဲ့တဲ့ "လက်ပံတောင်းတောင်"ဆိုတာ မုံရွာနယ်၊ ဆားလင်းကြီးတစ်နယ်လုံး ဘိုးစဉ်ဘောင်ဆက် အလေးအမြတ်ပြုကြရတဲ့ "ဖိုးဝင်းတောင်ရှင်မ" အပိုင်စားရတဲ့နယ်မြေပဲ။ လက်ပံတောင်းတောင်၊ မနင်းချိုတောင် (အခုတော့ ကြေးနီတူးရင်းက တစ်တောင်လုံးပျောက်သွားတဲ့ စံပယ်တောင်)၊ ဖိုးဝင်းတောင် (ဖိုးဝန်းတောင်လို့လည်း ခေါ်ကြသေးတယ်) စတဲ့ တောင်များရဲ့သခင် လက်ပံတောင်းတောင်ရှင်မ "မနင်းချို"ကလေးကို မုံရွာနယ်ရဲ့သာသနာ့မြေ အဖြစ်အထွတ်အမြတ်ထားကြရတဲ့ ဖိုးဝင်းတောင်ရှင်မရယ်လို့လည်း သိထားကြတယ်။ မနင်းချိုကလေးရဲ့ ဘဝပုံပြင်ဟာ လွမ်းမောလောက်စရာမို့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ပြောပြချင်ပါရဲ့၊ ဒီလို...ဒီလို။

နာမည်ကျော် "လက်ပံတောင်းတောင်" တို့၊ ဖိုးဝင်းတောင်တို့ဆိုတာ မုံရွာမြို့ အနောက်ဖက်ကမ်း၊ ဆားလင်းကြီးမြို့နယ်ထဲမှာ ရှိပါတယ်။ လူသူမနေတဲ့ တောကြီးတောင်ကြီးတွေပေါ့။

ရေစကြိုမြို့အနားက "ငဖြာရွာ"မှာ သူဌေးဦးဖိုးနဲ့ဇနီးဒေါ်ပန်းစည်တို့ရှိကြသတဲ့။ သူတို့မှာ သားမောင်ဖိုးလွန်းနဲ့ သမီးကလေး မနင်းချိုတို့ မောင်နှမနှစ်ယောက် ဖွားမြင်ခဲ့ကြပြီး ကလေးတွေအရွယ်မရောက်မီ မိဘနှစ်ပါးစလုံး ရှေ့နောက်ဆင့် ဆုံးပါးခဲ့ကြသတဲ့လေ။ မိတဆိုးဖတဆိုးလေးတွေဖြစ်တဲ့အတိုင်း ဒီမောင်နှမနှစ်ဦးပဲ တစ်ဦးနဲ့တစ်ဦး မှီခိုစောင့်ရှောက်လို့ ချစ်ချစ်ခင်ခင် နေလာလိုက်ကြတာ အရွယ်ရောက်လာကြတဲ့တိုင် အိမ်ထောင်မပြုကြဘဲ မိဘတွေချန်ထားရစ်ခဲ့တဲ့ စည်းစိမ်ဥစ္စာများကို ခံစားရင်းနေခဲ့ကြသတဲ့။

လူ့ကံဆိုတာ သိပ်ဆန်းကြယ်တယ်။ အကျိုးပေးပုံကလည်း မှန်းဆမရနိုင်အောင် ထွေပြားတတ်တယ်။ ဘာကြောင့်ဆို လေပြင်းမုန်တိုင်းတိုက်တဲ့တစ်ညမှာ မနင်းချိုတို့ရဲ့ ရေမအိမ်ကြီး ပြိုကျသွားပြီး မောင်နှမနှစ်ဦးစလုံးလည်း

အသက်ဆုံးကြ ရရှာတာကြောင့်ပဲ။ တစ်ညတာအတွင်းမှာပဲ သူတို့ရဲ့ကံကြမ္မာဟာ လုံးဝပြောင်းလဲသွားခဲ့တော့တယ်။ ဘယ်သူ့ဘယ်သူကိုမှ အကျိုးမဲ့ရာမဲ့ကြောင်း ကြံစည်ပြုမူခြင်း မရှိခဲ့ပေမဲ့ မိမွေဖမွေ စည်းစိမ်ဥစ္စာတွေကိုတပ်မက်တဲ့အစွဲအလန်းနဲ့ သေခဲ့ကြရတာကြောင့် ဥစ္စာစောင့်ဘဝ ရောက်ကြရရှာသတဲ့။ သူတို့ကလည်း သူတို့လို့ပြောချင်စရာ။ ဥစ္စာစောင့်ဖြစ်ရတာတောင် သူတို့ရဲ့ပစ္စည်းဥစ္စာတွေကို ဆားလင်းကြီးမြို့နားက တောင်ကြီးသေလာမှာ ပြောင်းရွှေ့ မြုပ်နှံထားကြမယ်။ အရိမေတ္တေယျဘုရားရှင် ပွင့်ထွန်းတော်မူတဲ့အခါမှာ ကျောင်းကြီး မိမာန်ဆောက်လုပ်လှူဒါန်းကြမယ်လို့ သဘောညီစွာ အဓိဋ္ဌာန်ပြုကြသတဲ့။

ဒါပေမဲ့ လောကထုံးစံက ကိုယ်စံမံကြံစည်တဲ့ဖြစ်ချင်မှ ဖြစ်တတ်တာကလား။ မနင်းချိုတို့ ဥစ္စာစောင့်မောင်နှမနေဖို့ ရည်ရွယ်တဲ့ တောတောင်စောင့်နတ်တွေက လူ့ဘဝတုန်းကလို သူတို့မောင်နှမကို အတူတူနေခွင့်မပြုကြဘူးတဲ့။ အဲဒီတော့ "ကိုယ့်ပစ္စည်းကိုကိုယ် စောင့်ရှောက်ကြစတမ်း" သဘောထားကြပြီး ခွဲဝေယူကြရသတဲ့။ မိမွေဖမွေတွေကို ခွဲဝေယူကြရာမှာ မနင်းချိုကလေးက သူ့အသက်ငယ်ငယ်တုန်းမှာ သူ့ဖခင်ကြီးလက်ဖွဲ့အဖြစ် ပေးခဲ့တဲ့ပစ္စည်းတွေကို သီးခြားတောင်းယူပြီး တောင်ညိုကြီးထိပ်မှာ မြုပ်နှံထားလိုက်တယ်။ အဲဒီတောင်ကို "လက်ဖွဲ့တောင်"လို့ခေါ်ရာက အခုတော့"လက်ပံတောင်းတောင်"လို့ ခေါ်နေကြတယ်။ မနင်းချိုကလေးကိုလည်း "လက်ပံတောင်းတောင်ရှင်မ"လို့ ခေါ်ကြသတဲ့။

မနင်းချိုကလေးကဖြင့် အဲဒီ"လက်ပံတောင်းတောင်"မှာ မနေပါဘူး။ အဲဒီအနောက်ဘက် ကပ်လျက်က စံကားပင်တွေပေါတဲ့ "တောင်ဝါကြီး"မှာ နေသတဲ့။ အဲဒီတောင်ကို "မနင်းချိုတောင်"လို့ လူတွေက ခေါ်ကြတယ်။ တောစံပယ်ပန်းတွေနဲ့ နေလို့ "စံပယ်တောင်"လို့လည်း ခေါ်ကြသေးရဲ့။



တိုက်တိုက်ဆိုင်ဆိုင်ပဲ ဥစ္စာစောင့်မကလေး မနှင်းချို နေတဲ့ တောင်ဝါကြီးက အဓိကရ စံကားပင်ကြီးရဲ့အလှဆုံး စံကားပွင့်အထဲမှာ လူသားမိန်းကလေးတစ်ယောက်ပဋိသန္ဓေ တည်လာသတဲ့။ အဲဒီကိစ္စထူးကြီးကို မနှင်းချိုကလေးက ချက်ချင်းသိတယ်ဆိုတာကိုး စံပယ်တောင်ကြီးတစ်ခုလုံး စံကားပန်းနံ့တွေ ကြိုင်လို့၊ မိခင်စံကားပင်ကြီးကလည်း လင်းထိန်လို့တဲ့။ သူ့တစ်ယောက်တည်းရဲ့အစွမ်းနဲ့တော့ဖြင့် ဒီစံကားပန်းဖူးကြီးကို လူသားကလေး ဖွားမြင်လာတဲ့အထိစောင့်ရှောက်နိုင်မှာမဟုတ်ပေဘူး။ စံကားပင်ကြီးအနီး ချောင်းရိုးကလေးရဲ့ထိပ်ကကျောင်းသင်္ခမ်းကလေးမှာတောရဆောက်တည်ပြီး တရားကျင့်နေတဲ့ရသေ့ကြီးကိုအကူအညီတောင်းလေမှပဲလို့ အကြံရမိသတဲ့။ အဲဒီတော့ ရသေ့ကြီးကိုအိပ်မက်ပေးရောဆိုပါစို့။

ရသေ့ကြီးကတွေးတယ်။ "အင်း... ဒီအိပ်မက်ကဖြင့် အဆန်းပဲ။ အိပ်မက်အရ စံကားပင်ကြီးဆီ သွားကြည့်တော့လည်း ပန်းဖူးကြီးက ကြီးလိုက်တာ။ သဘာဝပန်းပွင့်တွေနဲ့ တခြားစီပဲ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိစောင့်ရှောက်ပေးဖို့ကဖြင့် တာဝန်ပိုလာပြန်ရော။ သို့ပေတဲ့ ရသေ့သူတော်စင်တွေရဲ့ တရားဓမ္မ အကျင့်တရားများနဲ့ လောကီအလုပ်တွေဟာ သူစိမ်းပြင်ပြင် ပြဒါးတစ်လမ်း သံတစ်လမ်းပေပဲ။ အိမ်း... ခက်ပ ခက်ပ။ ဒီလိုနဲ့ ရသေ့ကြီးဟာ စံကားပင်ကြီးနားမှာ ရောမ ကျောက်နွားရုပ်ကြီးရယ်၊ ကျောက်ရုပ် ကျားကြီးတစ်ကောင်ရယ်၊ကျောက်လူဝံကြီး တစ်ကောင်ရယ်ကို ခက်ရာခက်ဆစ်ထုလုပ်ပြီး ထားသတဲ့။ ပန်းကိုင်ပန်းဖူးကြီးကို ထိလိုက်ကိုင်လိုက်တာနဲ့ ကျောက်နွားကြီးရဲ့ခလောက်က အသံအကျယ်ကြီး မြည်လာအောင်လည်း စီမံထားလိုက်သေးသတဲ့။ ပန်းကိုင်းပန်းဖူးကြီးကို ထိလိုက်ကိုင်လိုက်တာနဲ့ ကျောက်နွားကြီးရဲ့ ခလောက်က အသံအကျယ်ကြီးမြည်လာအောင်လည်းစီမံထားလိုက်သေးသတဲ့။ ဖြစ်နိုင်သမျှအကျယ်ကြီး မြည်လာအောင်လည်း စီမံထားလိုက်သေးသတဲ့။ ဖြစ်နိုင်သမျှ တောင်ကြိုင်တောကြားကို မျက်စိလည်လမ်းမှားပြီး ရောက်ရောက်လာတတ်တဲ့ တောမုဆိုးတွေရဲ့ရန်က ကင်းဝေးအောင် ကျောက်မြွေကြီးတွေ၊ ကျောက်ရုပ် တောဝက်အုပ်တွေကုလည်းအချိန်အားတိုင်း ထုလုပ်ပြီး ထားသတဲ့။ အဲဒီတော့ စံကားပင်ကြီးတစ်ဝိုက်နေရာကလေးဟာ ရောမသားရဲကောင်ကြီးတွေ ကျက်စားသလို ထင်နေရတော့တာပေါ့။

အဲဒါတောင်မှပဲ "ခေါသန္တိ"လို့ခေါ်တဲ့ တရုတ်နွယ်ဝင်ဘုရင်တစ်ပါးရဲ့ မုဆိုးကျော်ဟာ မြန်မာပြည်က တောတွေတောင်တွေထဲကို ရှားပါးအဖိုးတန်တဲ့ အမဲသားကောင်နဲ့ ဆေးပင်ဆေးမြစ်တွေ ရှာဖွေရင်း ရောက်လာခဲ့သတဲ့။ မနှင်းချိုကလေးရဲ့ စကားပန်းပွင့်ကြီးကိုလည်း မြင်လိုက်ကရော "ဟယ်... အံ့သြဘနန်း လှလိုက်ကြီးလိုက်တဲ့ ပန်းဖူးကြီးကွယ်။ မွှေးလိုက်တာများလည်းလွန်ပါကရောလား။ မကြုံစဖူး ထူးကဲလှချည့်။ တစ်သက်နဲ့တစ်ကိုယ် မြင်ရခဲလှပါကလား"ရယ်လို့ရင်သပ်ရှုမောဖြစ်သတဲ့။ သို့ပေမဲ့ ရသေ့ကြီးရဲ့ ကျောက်အရုပ်တွေကို တကယ့်သားရဲတိရစ္ဆာန်တွေလို့ ထင်နေတဲ့အတွက်သားရဲတွေ များပြားလွန်းတဲ့ စံကားပင်ကြီးနားကို မကပ်ရဲဘူးတဲ့။ အဲဒီတော့ သူ့တိုင်းပြည်ကို အမြန်ပြန်ပြေးပြီးဘုရင် "ခေါသန္တိ"ကို လျှောက်တင်တော့တာပေါ့။ ကျွန်ယုံကျွန်ရင်း မုဆိုးကျော်ရဲ့စကားကြောင့် ထူးလှတဲ့ "စံကားပန်းဖူးကြီး"ကို ကိုယ်တိုင်မြင်ချင်၊ ရယူပိုင်ဆိုင်ချင်တဲ့ဘုရင် "ခေါသန္တိ"နဲ့ သူ့ရဲ့ စစ်တပ်ကြီးဟာ မနှင်းချိုတောင်ကို တောနင်းပြီး ချီတက်လာကြတယ်။

ဖြစ်ရပုံက နေ့ခင်းကြောင်တောင် မိုးရိပ်လေရိပ်တွေ ဆန်လာပြီး မိုးကြီးလေကြီး ပြင်းစွာ ကျလာသတဲ့။ မိုးကြိုးလျှပ်စစ်တွေ တဖြိမ်းဖြိမ်းပစ်၊ မရပ်မနား ဝင်းခနဲလက်ခနဲပြက်လို့တဲ့။ မနှင်းချိုကလေးနဲ့ သူ့ ဥစ္စာစောင့်တွေ၊ တောစိုးတောင်စိုးတွေကလည်း ကြောက်မက်ဖွယ် သားရဲဟိန်းသံမြည်သံတွေ ဖန်ဆင်းပြီး ခြောက်လှန့်ကြသေးဆိုတယ်ကိုး။ "ခေါသန္တိ"မင်းရဲ့တပ်လည်းပျက်ကရော။

ဒါပေမဲ့ မိုးကြိုးလျှပ်စစ်တွေ ဝင်းခနဲဝင်းခနဲ ရောင်လျှံထဲမှာ မြင်ခဲ့ရတဲ့ "စကားပန်းဖူး" ကြီးရဲ့ ဆွဲငင်မှုကို ဘုရင် "ခေါသန္တိ"ခမျာ ဘယ်လိုမှမတွန်းလှန်နိုင်ရှာဘူးတဲ့။ဒါကြောင့် သူ့နီးနားဝန်းကျင်က မဟာမိတ်တရုတ်မင်းတွေရဲ့ တပ်တွေ၊

သူ့ ညီသူ့သားတွေရဲ့ တပ်တွေနဲ့အတူ နောက်တစ်ကြိမ် ချီတက်လာကြပြန်ပါလာရော။ တပ်တွေနဲ့အတူ နောက်တစ်ကြိမ် ချီတက်လာကြပြန်ပါလေရော။ တပ်တောင်တာ မိုလ်ထုနဲ့ ဝိုင်းရံပိတ်ဆို့ထားတဲ့ မနင်းချိုတောင်ကို "မိုလ်ဝိုင်းတောင်" လို့ အများကသမုတ်ကြသတဲ့။ အဲဒီကနေ အခု "ဖိုးဝန်းတောင် (ဖိုးဝင်းတောင်)" ဆိုတာ ဖြစ်လာခဲ့တာဆိုပဲ။ "လက်ပံတောင်းတောင်" မှာတော့ တရုတ်တပ်တွေ တပ်စွဲပြီးနေကြသတဲ့။

အဲဒီအချိန်မှာ ရသေ့ကြီးက တွေးတယ်။

"ဒီစကားဖူးကြီးထဲမှာသံသေဒဇသန္ဓေယူနေတဲ့ကလေးဟာ မွေးဖို့ဖွားဖို့ ရက်လည်းနီးပြီ။ ဒီလိုရှားပါးအဖိုးတန်တဲ့ ရတနာဟာ ဒီလို လူသူလက်နက် အားကိုးအဓမ္မဝါဒီ မင်းဆိုးမင်းညစ်နဲ့တော့ဖြင့် မထိုက်ပေဘူး။ ပုဂံပြည့်ရှင်ပျူမင်းကြီးနှင့်သာ ထိုက်တန်ပေလိမ့်မယ်။ ဒီအဓမ္မဝါဒီတွေရဲ့ ရန်ကို ကာကွယ်နိုင်ဖို့ ပုဂံမင်းကြီးကိုအမြန်အကြောင်းကြားမှ သင့်ပေတော့မကိုး"

ရသေ့ကြီးက စေလွှတ်လိုက်တဲ့ စာပို့ ရွှေကျေးတမာဟာ ပုဂံကို တစ်နံနက်တည်းနဲ့ အရောက်ပျံနိုင်ခဲ့သတဲ့။

ပုဂံပြည့်ရှင် မင်းကြီးလည်း ကျူးကျော်လာတဲ့တရုတ်တပ်တွေကို နှိမ်နင်းဖို့ စစ်အင်္ဂါအခင်းအကျင်းနဲ့ချီတက်လာတော့တာပေါ့။ ပုဂံမင်းရဲ့စစ်သည်တွေနဲ့ခေါ်သန္တီမင်းရဲ့တရုတ်တပ်တွေဟာ လက်ပံတောင်းတောင် တစ်ဝိုက်မှာ အကြီးအကျယ်တိုက်ခိုက်ကြတော့သတဲ့။(တရုတ်ရဲ့ကျူးကျော်မှုကို ဟိုးရှေးပဝေသဏီကတည်းက လက်ပံတောင်းတောင်က ခုခံဆန့်ကျင်ခဲ့တာကလား။ အံ့မခန်းတဲ့ရာဇဝင်ပဲနော် ) စစ်ပွဲမှာ ပုဂံပြည့်ရှင်မင်းက အနိုင်ရတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ။စစ်အောင်တဲ့နေ့မှာစံကားပန်းဖူးကြီးကပွင့်ချပ်ပွင့်လွှာတွေပွင့်အန်လာပြီးသန္ဓေသူကလေးကို မွေးဖွားခဲ့သတဲ့။ (တချို့ရှေးစကားပြောကြတာက မနင်းချိုကလေးတို့မောင်နှမဟာ သူတို့ရဲ့စည်းစိမ်ဥစ္စာတွေကို ရန်ရာကြလွှန်းလို့သေသွားပြီ"လို့သတင်းလွှင့်ပြီးမနင်းချိုတောင်မှာ ဥစ္စာစောင့်တွေအဖြစ် အေးအေးချမ်းချမ်း နေကြရာတာတဲ့။ တောထဲတောင်ထဲမှာ မောင်နဲ့နှမ အတူတူမနေအပ်လို့တစ်တောင်စီခွဲနေကြတာတဲ့။ထူးဆန်းလှတဲ့စကားပန်းဖူးကြီးကို အကြောင်းပြုပြီး လူ့လောကလူ့နယ်ထဲကိုပြန်ဝင်နိုင်ဖို့ မနင်းချိုကလေးကကြိုးစားခဲ့ရှာတာတဲ့။ဒီလိုလည်းပြောကြတယ်။)

ရသေ့ကြီးက သန္ဓေသူ "စံကားမယ်" ကိုပုဂံပြည့်ရှင်မင်းကြီးထံ အပ်နှံလိုက်တယ်။ မင်းကြီးလည်းချစ်ခင်မြတ်နိုးစွာ ဆောင်ယူခဲ့ပြီး ပုဂံရောက်တဲ့အခါ "တောင်ညာစံဒေဝီ" အဖြစ် မိဖုရားကြီးအရာထားလို့ မြှောက်စားခဲ့သတဲ့။

စစ်ရှုံးသွားတဲ့တရုတ်မင်း "ခေါ်သန္တီ"ဟာ သူ မမြင်ဖူးလိုက်ရဘဲ လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ "စံကားမယ်" ကိုစွဲလန်းလွန်းလို့ မအိပ်နိုင် မစားနိုင် ကြိတ်မနိုင် ခဲမရ ဖြစ်လို့နေသတဲ့။ နောက်ဆုံးတော့ "မစားရတဲ့အမဲ သဲနဲ့ ပက်မတဲ့" ရယ်လို့ စိတ်မိုက်စိတ်ရိုင်းတွေဝင်လာပြီး "စံကားမယ်" ကိုတစ်နည်းနည်းနဲ့ ပျက်စီးသွားအောင်လုပ်ဖို့ ကြံစည်တော့တယ်။

ဖိုးဝင်းတောင်နဲ့ တစ်ခေါ်သာသာမှာ "ကျတ်ကုန်း" တစ်ခုရှိတယ်။ အဲဒီမှာ ဂမ္ဘီရအစီအရင်တွေ စီမံနိုင်တဲ့ "မိကိုး" ဆိုတဲ့ ကဝေမကြီးတစ်ယောက် နေတာပေါ့။ခေါ်သန္တီမင်းဟာ ကဝေမကြီး မိကိုးဆီကို လက်ဆောင်ပဏ္ဏာတွေ နင့်လောက်အောင်ပေးပြီး စံကားမယ်ကိုပျက်စီးအောင် စီမံပေးဖို့ ခိုင်းတယ် ဆိုကိုး။ မိကိုးက လက်ခံလိုက်သတဲ့။

မိကိုး ဘာလုပ်တယ်ထင်သလဲ။

သူ့ကိုယ်သူ ရုပ်ရည်ချောမောလှပတဲ့ မိန်းမပျိုကလေး အသွင်ဖန်ဆင်းလို့ ပုဂံမင်းရဲ့ ရွှေနန်းတော်ကြီးထဲမှာ စကားမယ်ရဲ့အပျိုတော်ဖြစ်အောင်လုပ်တာပေါ့။ပြီးတော့စံကားမယ်ကို ရူးသွပ်သွားအောင် ပြုစားလိုက်တော့တာပေါ့။

အရူးကြီးရူးပြီး အဝတ်အစား မကပ်နိုင်လောက်အောင် ဘဝပျက် သွက်သွက်ခါနေတဲ့ စံကားမယ်ကိုပုဂံမင်းက ဘယ်လောက်ပင် သနားချစ်ခင်ပါသော်လည်း ရွှေနန်းတော်ထဲမှာဖြင့် ထားလို့မဖြစ်တော့ဘူး။အဲဒါကြောင့် လုံလောက်တဲ့ အခြွေအရံ၊ အထိန်းတော်၊အလုပ်အကျွေးတွေ ခန့်ထားပြီး သူ့နဂိုမူလ မနှင်းချိုတောင် စံကာပင်ကြီးနားမှာ တစ်ပင်တိုင်စံနန်းကလေးဆောက်လို့ ထားပေးလိုက်သတဲ့။ အဲဒီလိုနေရင်းနဲ့ပဲစံကားမယ်ကလေး သေရရှာတယ်။ (တစ်ချို့ကတော့ စံကားမယ်ဟာ မနှင်းချိုပဲ။ သူ့အတွက်ကြောင့် ပုဂံမင်းနဲ့ တရုတ်မင်း "ခေါသန္တီ"တို့ စစ်မက်ထပ်ဖြစ်ပြီး စစ်သည်တွေမသေ၊ လူထုတွေ ဒုက္ခမရောက်ကြရအောင် "စံကားမယ်သေသွားပြီ"လို့ သတင်းလွှင့်ပြီး ဥစ္စာစောင့်မလေးမနှင်းချိုအဖြစ် ဘဝပြောင်းလိုက်တာတဲ့)

အဲဒီလိုလည်း ဖြစ်လောက်စရာရှိပါတယ်။ "စံကားမယ်" သေပြီးတဲ့နောက် ပုဂံမင်းက ဖိုးဝင်းတောင်မှာနတ်ကွန်းတစ်ခု ဆောက်ပေးပြီး စံကားမယ်ကို "ဖိုးဝင်းတောင်ရှင်မ"အဖြစ် သမုတ်ပေးခဲ့တယ်။ အနီးအနားကကျေးရွာ ၃၀–ကို အပိုင်းစားပေးတယ်။ အဲဒီကျေးရွာတွေကရတဲ့ အခွန်အထုတ်တွေနဲ့ ဖိုးဝင်းတောင်မှာဘုရား၊ ပုထိုး၊ စေတီ၊ ဂူ၊ ကျောင်းစတဲ့ သာသနိက အဆောက်အုံတွေကို တည်ထားကုသိုလ်ပြုစေတယ်။

မင်းကြီးကလည်း "စံကားမယ်" ရှိတဲ့အရပ်ကို ကျောမခိုင်းရက်တာမို့ "ဟံလင်း"အရပ်မှာ "ဟံသာနာဂရ"မြို့သစ်၊ နန်းသစ်တည်ပြီး နေသတဲ့။ ပုဂံပြည်ကို မပြန်တော့ဘူး။ ဒီကနေ့ထက်တိုင် "ဟန်လင်ကြီး"မြို့ဟောင်းကို ရွှေဘိုနယ်၊ ဝက်လက်ဘက်မှာ အခိုင်အမာ တွေ့နိုင်ပါသေးရဲ့။

ဥစ္စာစောင့်မကလေး မနှင်းချိုကလည်း "လက်ပံတောင်းတောင်"မှာ သူ မြုပ်နှံသိမ်းဆည်းထားတဲ့ ဥစ္စာ၊ ပစ္စည်းတွေနဲ့ စေတီ၊ ရုပ်ပွား၊ ကျောက်လိုဏ်ဂူကြီးတွေကို တည်ထားကိုးကွယ်ပြန်သတဲ့။ "ဟံလင်း"နဲ့ "ဟံလင်း" ပြည်သူတွေရဲ့ ကုသိုလ်တွေကလည်း တိုးလို့သာလာတယ်ဆိုကိုး။ စေတီရုပ်ပွားဆင်းတုတော်တွေဘယ်လောက်များသလဲဆိုရင် "ရွှေ၊လ၊ ဝင်း၊လင်း၊ရင်၊ရွှာ"ဆိုတဲ့လင်္ကာအချိုးအတိုင်း၄၄၄၄၄၄ အထိ ရှိခဲ့သတဲ့။ကျောက်သားပကတိတောင်ကြီးကိုထွင်းဖောက်ပြီး ကျောက်ဂူ၊လိုဏ်နန်း၊အာရုံခံတန်ဆောင်း၊မုခ်ဝတွေကျောက်ထီး၊ ကျောက်သပိတ်၊ကျောက်ပလ္လင်၊ ကျောက်သင်ပုတ်စင်တွေကို လက်ရာမြောက်ထုလုပ်ထားခဲ့တာ ယနေ့တိုင် မျက်မြင်အထင်အရှားပါပဲ။

စံကားပန်းဖူးကြီးကို စောင့်တဲ့ ကျောက်နွားရုပ်ကြီးကိုလည်းဖိုးဝင်းတောင်ပေါ်မှာတကယ်အဟုတ်တွေ့နိုင်ပါတယ်။

"ဖိုးဝင်းတောင်ရှင်မ"မနှင်းချို ဥစ္စာစောင့်မလေးကိုလည်း ဘုရားပွဲကာလတွေမှာ ပန်းတွေဝေနေအောင်ပန်ပြီး သိပ်လှတဲ့အပျိုမကလေးအဖြစ် ကျောက်နွားရုပ်ကြီးအနီး အနားမှာ သူ့အဖော်တွေနဲ့ ကစားမြူးတူးနေကြတာကို မကြာမကြာ မြင်ကြရ တွေ့ကြရပါသတဲ့။

ကဲ... ဖိုးဝင်းတောင်ဆီ အလည်သွားပြီး ကျောက်နွားရုပ်ကြီးကို ကြည့်ကြမလား...။

ချစ်ခြင်းအားဖြင့်
ခွန်းချိုသံသာ

CARTOON
ပေါ်ကာ
သာဂုပ်ပေါ်သည်..
တစ်ခါတုန်းက ရမ္မဝတီဆိုတဲ့ တိုင်းပြည်မှာ သုဒ္ဒြမင်းကြီး မင်းပြုသတဲ့..

တစ်နေ့ မင်းကြီးဟာ
နောက်ပါအခြွေအရံတွေနဲ့
တောလည်ထွက်ခဲ့သတဲ့။
ဘုရင်ကြီးက တောထဲလာတော့
ရေအိုင်တစ်ခုက ရေကိုမြင်တော့
လက်ခုပ်နဲ့ ခပ်သောက်ဖို့လိုက်တယ်

အဲဒီ ရေအိုင်ထဲက
မျက်စိနဲ့ မမြင်နိုင်တဲ့
မြွေ ပေါက် လေး
တစ်ကောင်ဟာ ဘုရင်ကြီး
ရဲ့ ဝမ်းထဲကို ပါသွား
သတဲ့…
မြွေလေးက ဘုရင်ကြီး
စားသမျှကို တအိမ့်ပြုခံစားပြီး
မြွေကြီးတစ်ကောင်
ဖြစ်လာပါလေရော။
တဖြည်းဖြည်းနဲ့ မြွေကြီးလာတော့ ဘုရင်ကြီးရဲ့ဝမ်းဗိုက်
ဟာ ဖွားကာနီး ကိုယ်ဝန်သည် တစ်ယောက်လိုဖောင်းလာသတဲ့။

ဘုရင်ကြီးက သူ့ရောဂါကို သမားတော်ကြီးတွေနဲ့ ကုသတာပေါ့။
ပယောဂ ဗေဒင်ဆရာတွေကလည်း တွက်ကြည့်လို့ မတတ်နိုင်ဘူးတဲ့...
ဒါပေမဲ့ သမားတော်ကြီး တွေကလည်း ဘာရောဂါမှန်း မသိတော့ ကုသလို့ မပျောက်ဘူးပေါ့ကွယ်။

ဗိုက်ကြီးဖေါင်းနေတဲ့
အရှင်ကို မှူးမတ်တွေက
အကြည်ညိုပျက်လာကြ
သတဲ့။။



နောက်ကွယ်မှာ ဝမ်းကြီးမင်းဆိုပြီး ပြောင်လှောင်
ခေါ်ကြတယ်ကွယ့်။။



ဒါ့အပြင် သူ့ကို နန်းကချပြီး
တစ်ခြားတစ်ဦးကို နန်းတင်ဖို့
တိုင်ပင်လာကြသတဲ့။။။


ဒါကို ဘုရင်ကြီး သိသွားတော့
မိဖုရားကြီးကို တိုင်ပင်တယ်
မှူးမတ်တွေ နိုးမလာမီ ထီးနန်း
စွန့်ပြီး ထွက်သွားမယ်လို့
မိဖုရားကြီးကလည်း သူလိုက်ပါပြုစုပါရမီဖြည့်ပါရစေဆိုပြီး လျှောက်တင်သတဲ့။

ဘုရင်ကြီးကတောထဲကို သွားရောက်နေမှာဖြစ်လို့ မလိုက်ဖို့ တားမြစ်ပေမယ့်...
မိဖုရားကြီးက သူပါလိုက်ဖို့ တောင်းပန်တာကြောင့်
ညလယ်ချေ တိတ်ဆိတ်ချိန် ဘယ်သူမှမသိအောင် နန်းတော်က ခုတ္တာကွ ထွက်လာခဲ့ကြသတဲ့

ဘုရင်ကြီးဟာ ကြီးမားတဲ့ ဗိုက်ကို သယ်ပြီး ကြမ်းတမ်းတဲ့တောလမ်းခရီးကို သွားရတဲ့အတွက် ပင်ပန်းလာတာပေါ့။။
ဒါနဲ့ အရိပ်ကောင်းတဲ့ အပင်ကြီးအောက်မှာ မှေးခက် အနားယူကြတာပေါ့။။
မိဖုရားကြီးက ဘုရင်ကြီးကို သူ့ပေါင်ခွင်ထဲမှာ ထားသိပ်ပါတယ်။။။


မိဖုရားကြီးက
ဘုရင်ကြီးမှာမြွေကို
ကြည့်ပြီး သနားလို့
ဆိပ်မပျော်သေးဘူး
ကွယ်။
အဲဒီအချိန် ဘုရင်ကြီးဝမ်းဗိုက်ထဲက မြွေကြီးဟာ
ငါဟာ အရင်က
ပုတွေကြားထဲမှာဖြစ်တဲ့အတွက်
ဝမ်းဗိုက်ထဲကနေ အပြင် ကို
ထွက်လာရင် ငါ့အသက် ဒုက္ခ
ရောက်မှာစိုးမိတယ်။
အခုတော့
လူသူဝေးတဲ့တောနက်ထဲ
ဖြစ်လို့ အပြင်ထွက်ပြီး
ကျက်စားတော့မယ်။

ဒါကို သစ်ပင်ခြေရင်းတောင်ပို့မှာ နေတဲ့ မြွေက ကြားတော့
အောင်မာ ငါနေတဲ့တောမှာ လုပ်ဝံ့လုပ်ကြည့်စမ်း နင်သေစေရမယ်..
ဟဲ ကွ ငါ့ကို နယ်နယ်ရရမြွေ ထင်လို့လား.. နင့်လို တောထဲတောင်ထဲကျက်စားနေရ တဲ့ကောင် မဟုတ်ဘူးကွ
ဘုရင်ကြီးစားသမျှ အရသာကောင်းတွေစားနေ လို့ ငါ့ခွန်အားဟာ ဆုံးပျောက်တော့မယ် လို့ ရတယ်

သူများစားသမျှ
တစ်ဆင့်ခံ ရိုးစားနေရတဲ့
မြွေကများ
နှင်းသာ ဝမ်းထဲမှာ
ကြီးနေမှခိုး ကုန်ကြီးသိုက် ဟောဒီ
ပင်းနွေပင်ကိုနှုတ် သက်မှောင်
ကြိတ်ပြီး အာရုံသုံးခေါက်လောက်ထိုက်
ရင် နှင်အာပိုးမြွေ ပိုင်းဖြတ်
လောက်ရိမှ မယ်ကွ။။
အဲဒီလို မြွေ့ဒွိခင်းကောင် ရန်ဖြစ်နေ
တာကို မြွေစကားနားလည်တဲ့
မိဖုရားကြီး ကြားသွားသတဲ့။။

ဒါနဲ့ ဘုရင်ကြီးကို ဦးမော့ပြီး လင်းနေတာကိုကြည့်တော့၊ အာရည်သွန်ဆောက်လိုက်တာ
ဝမ်းထဲက မြွေဟာ အပိုင်းပိုင်းပြတ်ပြီး ဝမ်းသွားတော့ ကျလာပါလေရော ကွယ်။



ဘုရင်ကြီးရဲ့ဗိုက်ဟာ ချက်ချင်းပိန်သွားလို့ ဝမ်းသာအားရနဲ့ နန်းတော်ကိုပြန်လာပြီး
အသက်ထက်ဆုံး ချမ်းသာစွာနဲ့ တိုင်းနန်းဆက်ခံစိုးစံသွားကြသတဲ့။

ဒီအကြောင်း
ကလေးတို့ကို
ပြောလိုတာက
ရောဂါမစစ်ဘဲ
မသောက်သုံးသင့်ဘူး
ဆိုတဲ့ အသိလေး
တစ်ခုရပါစေ
ကွယ်။ (ပြီး)

# ရဲရင့်သောကျီးမင်း

လင်းသက်ခိုင်

တိုင်းပြည်နှင့်အဝှန်းတွင် လေးမြားတို့ ကိုင်စွဲထားသော ရဲမက်စစ်သည်တို့ နေရာအနှံ့ ထွက်ပေါ်လာကြပြီးနောက် တွေ့ရာမြင်ရာကျီးတို့အား လေးဖြင့် ချိန်ရွယ်၍ ပစ်ချလေသည်။ ကောင်းကင်ဝယ် ပျံနေသောကျီးတို့လည်း အောက်ဘက်မှ ပစ်တင်လိုက်သောမြားချက်တို့ ထိမှန်၍ တအားအားအော်မြည်က မြေထက်သို့ ပြုတ်ကျလေတော့သည်။

ကျီးငှက်တို့၏လောကဝယ် ကမ္ဘာပျက်လေသည့်နယ် ပျံဝဲနေသောကျီးတို့ကလည်း တအာအာ အော်မြည်လျက် ထိမှန်လာသောကျီးတို့မှာလည်း တဖြုတ်ဖြုတ်နှင့် မြေသို့ ပြုတ်ကျသွားလျက်ရှိသည်။ မြေပြင်အနှံ့ဝယ် မြားထိမှန်သောဒဏ်ရာတို့ဖြင့် အသက်သေဆုံးနေပြီဖြစ်သော သွေးချင်းချင်းနီရဲနေသည့်ကျီးတို့ ဖြန့်ကျဲလျက်ရှိသည်။

ရဲမက်တို့သည် မြေပေါ်မှ ကျီးတို့အား ကောက်သူကကောက်၊ အမွေးနုတ်သူကနုတ်နှင့် ရှိသည်။ ပြီးနောက် အမွေးအတောင်နုတ်ပြီးသောကျီးတို့အား ဆီပူထည့်ထားသော မိုးဖြဲဒယ်အိုးထဲသို့ ပစ်ချလေသည်။

"ကိုင်း လာလေရော့… ကျီးဆီ ထွက်စမ်း"

ကျီးတို့အား ဤကဲ့သို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်နေရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်က ရှိလေသည်။ မင်းခစားပုဏ္ဏားတစ်ဦးသည် နန်းတော်သို့ အခစားဝင်ရန် သပ်ရပ်ခန့်ညားစွာဝတ်ဆင်၍ အိမ်မှ ထွက်လာလေသည်။ ထိုစဉ် အိမ်ရှေ့သစ်ပင်ထက်မှ ကျီးတို့၏ အညစ်အကြေးများ ပုဏ္ဏား၏ကိုယ်ပေါ်သို့ ကျလေသည်။

ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော ပုဏ္ဏားသည် သူ၏ကိုယ်ပေါ်သို့ ကျီးတို့၏ အညစ်အကြေးများ ကျလာသောအခါ အလွန်စိတ်ဆိုးပြီး ဒေါသတို့ ထွက်လေတော့သည်။ ထိုအခါ ပုဏ္ဏားသည် သစ်ပင်ပေါ်သို့ မော့ကြည့်ရင်းမှ…

"အင်း… ဒါ ငါ့ကို စော်ကားတဲ့စိတ်နဲ့ ငါ အရှက်ရအောင် လုပ်တဲ့အသင် ကျီးတို့၊ သင်တို့ကို ကျုပ်မကျေနပ်၊ သင်တို့ ကြည့်၍သာနေပါတော့၊ ကျုပ် သင်တို့၏ အသက်ဆုံးရမှ ကျေနပ်ပေမည်။ သင်တို့ ကောင်းကောင်းသာ သတိထား၍ နေကြပေတော့"ဟု ဆိုလေသည်။

× × ×

တစ်နေ့သောအခါ သူဆင်းရဲမတစ်ဦးသည် နေပူထဲတွင် ထမင်းခြောက်များကို ဆန်ကာထဲတွင်ထည့်၍ လမ်းဘေးတစ်နေရာတွင် နေလှန်းထားလေသည်။ ထိုစဉ် ဆိတ်တစ်ကောင်သည် ပြေးဝင်လာ၍ လှမ်းထားသော ထမင်းခြောက်ကို ကောက်စားလေသည်။ သူဆင်းရဲမလည်း စိတ်ဆိုးသဖြင့် ခြောက်လှန့်သည့်အနေဖြင့် မီးစွဲလက်စ ထင်းချောင်းဖြင့် ကောက်ပစ်ရာ ဆိတ်မွေးကို မီးစွဲလောင်လေသည်။ ကိုယ်တွင် မီးစွဲလောင်နေသော ဆိတ်သည် လန့်ဖျပ်စွာဖြင့် အော်ဟစ်ရင်း ပြေးမိပြေးရာ ပြေးသော်အခါ ဘုရင့်ဆင်တင်းကုတ်အတွင်းမှ ဆင်စားသော မြက်များသိုလှောင်ရုံသို့ အတင်းပြေးပြီး ကိုယ်ပေါ်မှ လောင်နေသောမီးများကို ငြိမ်းလေသည်။ ထိုမီးသည် မြက်ထုံးများကို လောင်ကျွမ်းကူးစက်ပြီးနောက် ဘုရင့်နောက်ဖေးချောင်ပြသာဒ်ဆောင်အထိ မီးကူးစက်လောင်ကျွမ်းလေတော့သည်။ ထိုမီးကြောင့် ဘုရင့် ဆင်တင်းကုတ်အတွင်းမှ ဘုရင့်ဆင်တော်များကိုလည်း မီးစွဲလောင်လေသည်။

ဘုရင်ကြီးသည် သူ၏ ဆင်တင်းကုတ်မီးစွဲလောင်၍ ဆင်များ ဒဏ်ရာအနာတရဖြစ်သည်ကို သိရှိရသဖြင့် မင်းပုဏ္ဏားတို့အားရှေ့တော်ခေါ်၍ဆင်တို့၏ဒဏ်ရာသက်သာစေသောဆေးကို မေးမြန်းလေသည်။

ထိုအခါ အခွင့်ကောင်းကိုစောင့်နေသော ကျီးကန်း

တို့အညစ်အကြေး အစွန့်ခံရသော ပုဏ္ဏားသည် ဘုရင်မင်းမြတ်အား လျှောက်တင်လေသည်။

"အရှင်မင်းမြတ်၊ ဆင်တို့ မီးစွဲလောင်သောဒဏ်ရာကို ကျီးတို့၏အဆီဖြင့် လိမ်းကျံပါက သက်သာပျောက်ကင်းစေပါမည်"ဟု လျှောက်တင်လိုက်သည်။ ထိုအခါ ဘုရင်မင်းမြတ်သည် တိုင်းပြည်အနီးရှိ ကျီးတို့အား သတ်ဖြတ်ချေမှုန်း၍ ကျီးဆီ ထုတ်ယူစေတော့လေသည်။

× × ×

ကျီးငှက်တို့၏ချောက်ချားလောက်အောင်၊သွေးပျက်စေဖွယ် အော်မြည်ပြေးလွှားနေသံများကိုကြားသိရသည်နှင့်တစ်ပြိုင်နက် ချက်ချင်း ကျီးမင်းသည် ကောင်းကင်အနန္တ၊ မြေပြင်အနန္တ လှည့်ပတ်၍ ကြည့်ရှုပြီးနောက် စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရလေသည်။

ထို့နောက် ကျီးမင်းသည် ကျီးမျိုးတို့ ဤသို့ အတုံးအရုန်း သေဆုံးနေရသည့် အကြောင်းရင်းကို ရှာဖွေလေသည်။ မကြာခင် အကြောင်းရင်းကို သိရှိရသည်နှင့် ကျီးမင်းသည် ဘုရင်မင်းမြတ်၏ အိပ်ဆောင်ပြတင်းအဝတွင် သွားနားလေသည်။ ထိုအခါ ရဲမက်တို့မြင်ပြီး ရိုက်ပုတ်သတ်ဖြတ်ရန် ကျီးမင်းရှိရာလာသဖြင့် ဆူညံလေတော့သည်။ ကျီးမင်းလည်း ဘုရင့်သလွန်အောက်တွင် ပုန်းအောင်းနေရာ မင်းချင်းတို့ ဖမ်းမိသွားလေသည်။ မင်းချင်းတို့လည်းကျီးအားလက်ဖြင့်ဖမ်း၍ဘုရင့်ရှေ့တော်မှောက်သွင်းလေသည်။

ဘုရင်ကြီးက ကျီးမင်းအား သေချာစိုက်ကြည့်သောအခါ ကျီးမင်းသည် ဘုရင်မင်းမြတ် ကြားအောင် အသံပြုလေသည်။

"အို အသင်ဘုရင်မင်းမြတ်"

ဘုရင်ကြီးလည်း ကျီးမင်း၏စကားသံကို ကြားသဖြင့် အံ့သြပြီး တင်လျှောက်စေဟု အမိန့်ပေးလိုက်လေသည်။

"အို အသင်ကျီး သင်ပြောသည်ကို ပြောစေဗျာ"

"အရှင်ဘုရင်မင်းမြတ်၊ အရှင်သည် အရှင့်ဆင်တင်းကုတ်မီးလောင်သဖြင့် ဆင်များ ဒဏ်ရာကို ကုသရန် ကျီးဆီ ရှာနေသည်ဟု သိရပါတယ်။ ကျွန်ုပ်တို့ကျီးတို့မည်သည် လူတို့ နောက်ယှက်ရန်ပြုမည်ကို အမြဲစိုးရိမ်ကြောက်ရွံ့၍ အစာကို ရှာဖွေရပါတယ်။ မည်သူရန်ပြုမလဲဆိုသည်ကို ရှာဖွေရင်း အမြဲ စိုးရိမ်သောက များနေရခြင်း၊ ပြေးလွှားနေရခြင်းတို့ကြောင့် ကျီးတို့မှာ အဆီဟူ၍ မရှိပါ ဘုရင်မင်းမြတ်၊ ထို့အတွက်ကြောင့် ကျီးတို့ကိုရန်ညှိုးပြု၍သတ်စေသော ပုဏ္ဏားအကြံသည် မဟုတ်မမှန်သောကြောင့် ကျွန်ုပ်၏ ကျီးမျိုးအပေါင်းတို့၏ အသက်ကို သေစေခြင်းမှ ကင်းလွှတ်ခွင့်ပေးပါရန် တောင်းဆိုပါတယ် အရှင်မင်းမြတ်"

ကျီးမင်း၏ တောင်းပန်လျှောက်ထားသောစကားအဆုံးတွင် ဘုရင်မင်းမြတ်သည် ရဲရင့်သောကျီးမင်းအား ချီးကျူး၍ ကျီးအပေါင်း၏အသက်အား လွှတ်မြောက်ခွင့်ပေးလိုက်လေတော့သတည်း။

လင်းသက်ခိုင်



# အလမ္ပာယ်အစ ပလွေက

2013


ယောကျ်ားဖြစ်
သူကြာဝါးခုတ်
ပြီးနေရတာ
ကြောင့်ဝါးကို
အလွန်မြတ်နိုး
တန်ဖိုးထား
တယ်..
ကျွိ ကျွိ ကျွိ
ဒီဝါးတွေက
တို့ကျေးဇူးရှင်
တွေပဲကွ..
ဒီဝါးတောတွေရှိနေလို့သာ
တို့ဘဝရပ်တည်နေရ
တာရှင်မရဲ့..
ခဏခဏပြောလွန်းတော့
မိန်းမဖြစ်သူကလည်းစိတ်
မရှည်တော့ဘူးပေါ့...
ရှင့်မှာလည်း
ဒီဝါးတရား
ပဲပြောနေ
တော့တာပဲ


နှမြောဖို့ ကောင်းလိုက်တာ
တစ်နေ့တော့ ယောကျ်ား ဖြစ်သူဟာ တစ်ထွာသာ သာ ဝါးတိုလေးကိုမစွန့် ပစ်ရက်တာကြောင့်..
အိမ်ခေါင်မိုးမှာ ထိုးပြီးသိမ်းထား လိုက်တာပေါ့
နောက်နေ့မှာတော့ မိန်းမ လုပ်သူဟာ ဒီဝါးတို လေး ကိုတွေ့လိုက်တော့..
ထင်းဆိုက် ဖို့ရပြီ..
ထင်းတွေနဲ့အတူတူမီး ဖိုထဲထည့်လိုက်သတဲ့


ယောက်ျားလုပ်သူပြန်လာတာနဲ့တွေ့တော့ - မီးလောင်စ ဖြစ်နေတဲ့ ဝါးတိုလေးကို ဆွဲထုတ်ယူလိုက်ပြီးတော့
မင်းနှယ်ကွာ ညပ် ရက်လိုက်တာ... တောက်..
အမယ်လေးဗျာ ဆန်ပါပြီဗျာ ဆန်ပါပြီ
ဘာလဲတော့
မင်းဟာ တော်တော် မိုက်လုံးကြီးတဲ့ မိန်းမပဲ
ဝါးဟာတို့ရဲ့ အသက်သခင်..ကျေးဇူးရှင်ဗျ..
ဪ..

ယောကျ်ားလုပ်သူကြော
အဲသလိုဆူပူကြိမ်း
မောင်းနေတော့မိန်းမ
ဖြစ်သူကြောမခံမရပ်
နိုင်အောင်စိတ်ဆိုး
သွားတော့တာပေါ့ ..
ဒါဆို ရှင်အိမ်မှာမနေနဲ့ တော့
အဲဒီဝါးတောမှာပဲသွားနေ
ပေတော့..
အံမာ
ဪရှင်က ကျုပ်
ကိုဘာမှတန်ဖိုးမရှိ
တဲ့ဝါးတိုလောက်
တောင်တန်ဖိုးမထား
ဘူးပေါ့လေ ..
အေး
ဟုတ်တယ်
အဲဒါဘာဖြစ်
လဲ..
စိတ်ချ..
ဝါးတစ်လုံးဖိုး
လောက်တောင်
တန်ဖိုးမရှိတဲ့
မိန်းမနဲ့အတူ
နေလည်းမ
နေတော့ဘူး--
သွားမယ်
.....

ယောက်ျားလေးပဲ့ သူဟာစိတ်ဆိုး ပြီးတော့တကယ် ပဲအိမ်ပေါ်က ဆင်းသွားပါလေ ရောတဲ့..
သွားမယ်ဟေ့ ဘယ်တော့မှပြန်မလာ တော့ဘူးမှတ်..
အိမ်ပေါ်ကဆင်းသွား တဲ့ယောက်ျားလေးဟာ တကယ်ပဲပြန်မလာ တော့ဘူး --
ချလိ.. ချလိ.. ချလိ
ကိုယ်ဝန်နဲ့ကျန်ခဲ့တဲ့ မိန်းမလည်း အချိန်တန်တော့ သားလေးတစ် ယောက်မွေးဖွားလာတာပေါ့
သား..
သားလေး -- မေမေ့သား လေးရယ်..

ဒီလိုနဲ့သားငယ်လေး ဟာတဖြည်းဖြည်းကြီး လာပြီးတော့-သူငယ် ချင်းတွေနဲ့ကစား တတ်တဲ့အရွယ် ရောက်လာတယ်..
သားလေး ဝေးဝေးမ သွားနဲ့နော်
ဟုတ်ကဲ့ပါ မေမေ..
ညောင်ပင် တစ္ဆေလုပ်တန်း ကစားကြရ အောင်ကွာ
တူတူပုန်း တန်းကစားရင် မကောင်းဘူး လား
သိပ်အဝေး ကြီးတော့မသွား နဲ့နော်
ပဒိုကန်စောင်း နားသွားရအောင် လေ
အေးဂူ ပါတယ်


တစ်နေ့မှာ သားငယ်လေး ဟာခေါင်မိုး မှာထိုးထား တဲ့မီးလောင် ထားတဲ့ဝါးတို လေးကိုသွား တွေ့တယ်..
ဟယ်-ဒီဝါး လေးမှာအပေါက် ကလေးတွေ နဲ့ပါလား
အိမ်အပြင်သစ်ပင်အောက် မှာထိုင်ပြီးဝါးတိုလေးကို မှုတ်ကြည့်တော့အသံထွက် တယ်..
အပေါက်လေးတွေမှာအမွှေး ပါးလေးတွေကပ်နေတာကြောင့် သာယာတဲ့အသံလေးဖြစ်နေ တာပေါ့ကွယ်..
တော် တော်
အဲဒီလိုမှုတ်နေ တုန်းမှာပေါ့..


မြွေကြီးဟာ
သူငယ်လေး
ရဲ့ရှေ့မှာပဲ
ပလွေသံနဲ့
အတူယိမ်း
ထိုးကနေပါ
တော့သတဲ့
တီ..တီ...
တော်..တော်..
သူငယ်လေးရဲ့အမေက
တွေ့တော့ဒီမြွေကြီးဟာ
သူ့ယောကျ်ားသေလို့
မြွေဖြစ်နေတာပဲဆိုပြီး
ငိုကြွေးတော့တယ်..
သားလေးအဲဒီ
မင်းရဲ့အဖေပဲ
ကွယ့်.. အီး..
....
တော်
တော်
တီး
တီး
ဟုတ်ပါတယ်သမျှ
သူပါပဲ..
အီး
အဲဒီအချိန်ကစပြီးသူငယ်လေးက
ပါးပလွေလေးကိုမှုတ်တိုင်း
မြွေကြီးရောက်လာပြီးကနေတော့
တော်
တော်
တီ..တီ..

လူတွေကလည်း အထူးအဆန်းလုပ်ပြီး လာကြည့်ကြတယ်
ငွေကြေးများစွာလည်း ပေးကမ်းကြတယ်. ဒီလိုနဲ့ သူငယ်
လေးသားအမိဟာ မြွေကြီးနဲ့ အတူရပ်ရွာတွေလှည့်ပြီး
အလမ္ပာယ်ပြစားကြတော့သတဲ့ ၊
ဒီပုံပြင်လေးကတော့ ပလွေဖြစ်လာပုံနဲ့ အလမ္ပာယ်ပေါ်ပေါက်လာပုံ အကြောင်းပဲဖြစ်ပါတယ်..
ပိုး

# ပုဏ္ဏားကြီး စိတ်ဆိုးသလား

မိုး- ရွှေညာမြေ

ဟိုးရှေးရှေးတုန်းက ငပေ၊ ငတေလို့ခေါ်တဲ့ ညီအစ်ကို နှစ်ယောက် ရှိသတဲ့ကွယ်။ အစ်ကိုဖြစ်တဲ့ငပေက ရိုးသားပြီး အားနာသလောက် ညီငယ်ဖြစ်တဲ့ ငတေကတော့ အလွန်ပါးနပ်ပြီး လူပါးဝသတဲ့။ သူတို့ရဲ့မိဘနှစ်ပါး ကွယ်လွန်သွားကြတဲ့အခါမှာ အမွေပစ္စည်းအနေနှင့် နွားမ တစ်ကောင်ရယ်၊ စောင်တစ်ထည်ရယ်၊ ဓားမတစ်ချောင်းရယ်ကို ရလိုက်ကြတယ်ကွယ့်။ ဒီအမွေပစ္စည်းကို ညီအစ်ကိုနှစ်ယောက် ခွဲဝေပြီး အသုံးပြုနေကြရတယ်။ ညီငယ်ဖြစ်သူ ငတေက ဒီလိုနှစ်ယောက်မျှပြီး အသုံးပြုနေရတာကို မကျေမနပ် ဖြစ်လာပါရောကွယ်၊ ဘာလို့ဆိုင် နွားမကရတဲ့ နွားနို့ကိုလည်းတစ်ယောက်တစ်ဝက်စီ၊ စောင်ကိုလည်း အတူတူခြုံရ၊ ဓားကိုလည်း တစ်လှည့်စီ အသုံးပြုရတော့ လောဘကြီးတဲ့ငတေအဖို့ မလုံလောက်ဘူးဆိုပါတော့ကွယ်။ တစ်နေ့ကျတော့ ငတေက အစ်ကိုဖြစ်သူ ငပေကို “အစ်ကိုရယ်... ဒီအမွေပစ္စည်းတွေကို ကျွန်တော်တို့နှစ်ယောက် မျှသုံးနေတာ မကောင်းပါဘူး၊ ဒီတော့ နွားမကို အစ်ကိုက ခေါင်းပိုင်းယူပါ၊ ကျွန်တော်က ဖင်ပိုင်းယူမယ်၊ စောင်ကိုလည်း အစ်ကိုက နေ့မှာယူပါ၊ ကျွန်တော်က ညမှာ ယူမယ်၊ ဓားမကိုလည်း အစ်ကိုက ညမှာယူပါ၊ ကျွန်တော်က နေ့မှာယူမယ်လို့ ပြောသတဲ့ကွယ်။ ငတေက အကြံသမားကိုးကွယ့်။ နွားမရဲ့ ဖင်ပိုင်းရတဲ့သူကတော့ နွားနို့သောက်ရပြီး ခေါင်းပိုင်းရတဲ့ ငပေက အစာကျွေးရမှာကိုးကွယ့်။ ဒါမှ သူတစ်ယောက်တည်း နွားနို့တွေ အကုန်လုံး သောက်ရမှာကွယ့်။ စောင်နဲ့ဓားမကိုလည်းထိုနည်းလည်းကောင်းပေါ့ကွယ်။ အစ်ကိုဖြစ်သူငပေကိုတော့ အသုံးမချရတဲ့အချိန်တွေမှာ ပေးထားတာပေါ့။

လူအ ဖြစ်တဲ့ငပေကတော့မသိရှာတာနဲ့ခေါင်းညိတ်လိုက်တာပေါ့။ ငတေက သူတစ်ယောက်တည်း နွားနို့တွေလည်း သောက်ရ၊ စောင်လည်း ညမှာ တစ်ယောက်တည်း ဖိမ်ရှိရှိနဲ့ခြုံရ၊ ဓားမကိုလည်း တစ်ယောက်တည်း အသုံးပြုနေရတော့ စားကောင်းသောက်ကောင်းနဲ့ ဝဖြိုးနေတာပေါ့ကွယ်။ အစ်ကိုဖြစ်သူငပေမှာတော့ တစ်နေ့တခြား အားနည်းပြီး ပိန်ချောက်လာရှာသတဲ့။ ဒီအဖြစ်ကို မြင်သိရတဲ့ ရွာသားတွေဟာ ငပေဘက်က မခံနိုင် ဖြစ်လာကြတော့တယ်။ ဒီအဖြစ်ကို မြင်သိရတဲ့ရွာသားတွေဟာ ငပေဘက်က မခံနိုင် ဖြစ်လာကြတော့တယ်။ ဒါနဲ့ ငပေကို အကြံပေးကြသတဲ့။ “ဟေ့... ငပေ၊ မင်း သိပ်အ တဲ့ကောင်ပါလား၊ နွားမကို ငတေ နို့ညှစ်နေတုန်း ခေါင်းက ရိုက်ရိုက်ပေးကွ၊ ဒါမှ ငတေ့ကို နွားကန်ပြီး နို့မညှစ်ရမှာ”လို့ အကြံပေးကြတယ်။ ငပေကလည်း ရွာသားတွေပြောတဲ့အတိုင်း လုပ်တော့ ငတေခမျာ နွားကန်ခံရပြီး နွားနို့မရဘဲ နေတာ

ပေါ့ကွယ်။ ငပေကို ခေါင်းမရိုက်ဖို့ပြောပေမယ့် ငပေက "ငါပိုင်တဲ့ခေါင်း ငါရိုက်တာ မင်းနဲ့ ဘာဆိုင်သလဲကွယ်" လို့ ပြန်ပြောသတဲ့။ ဒီတော့ ငတေလည်း မတတ်နိုင်တာနဲ့ "အစ်ကိုရယ်၊ ကျွန်တော်ညှစ်ရတဲ့ နွားနို့တစ်ဝက် ပေးပါ့မယ်။ နွားခေါင်းကို မရိုက်ပါနဲ့"လို့ ပြောရတော့တာပေါ့ကွယ်။ စောင်ကိုလည်း ရွာသားတွေက အကြံပေးတဲ့အတိုင်း တစ်နေ့လုံး အင်တုံတစ်လုံးထဲမှာ ရေစိမ်ထားသတဲ့။ ညအိပ်ခါနီးငတေက စောင်တောင်းတဲ့အခါ ရေစိုနေတဲ့စောင်ကို အင်တုံထဲက ဆယ်ပေးလိုက်သတဲ့။ ဓားမကိုလည်း ငပေက ည သူပိုင်တဲ့အချိန်မှာ ကျောက်တုံးတွေကို လိုက်ခုတ်ထားသတဲ့။ ကျောက်တုံးတွေခုတ်ထားတော့ ဓားသွားတွေက လိပ်ကုန်တာပေါ့ကွယ်။ နေ့အခါ ငတေကတောင်းတဲ့အခါလိပ်နေတဲ့ဓားမကိုယူပေးလိုက်တာပေါ့။ ငတေလည်း မတတ်နိုင်တာနဲ့ ငပေနဲ့အတူတူ အသုံးပြုရပြန်တာပေါ့ကွယ်။ ဒီလို တစ်ယောက်တစ်ဝက် အသုံးပြုနေရတာကို ငတေက ဘယ်ကြိုက်နိုင်မလဲကွယ်။ သူတစ်ယောက်တည်း အသုံးပြုရအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ အကြံထုတ်နေတာပေါ့ကွယ်။ တစ်နေ့ကျတော့ ပုဏ္ဏားကြီးတစ်ဦးနဲ့ သွားတွေ့တာနဲ့ သူဟာ ငပေ့ကို ငွေတစ်ထောင်နဲ့ ရောင်းခဲ့သတဲ့။ ဒီလိုရောင်းရာမှာ တစ်ဦးနဲ့တစ်ဦး ဘယ်လိုပဲပြုမူပြုမူ စိတ်ဆိုးရင် နောက်ထပ်ငွေတစ်ထောင်ပေးရမယ်"လို့ ကတိကဝတ် ပြုခဲ့ကြတယ်။ ငပေကတော့ သိပ်ပြီးအတဲ့လူမဟုတ်လားကွယ့်။ ပုဏ္ဏားကြီးခိုင်းသမျှလုပ်၊ ကျွေးသမျှစားနဲ့ပဲ နေရရှာတယ်။ ပုဏ္ဏားကြီးက သူ့ကို အလုပ်အများကြီးခိုင်းပေမယ့် အစားကျတော့ ကောင်းကောင်းမကျွေးဘူးတဲ့။ ဒါကြောင့် ငပေဟာ တစ်နေ့တခြား ပိန်ချုံးလာတယ်။ ဒီအကြောင်း ရွာသားတွေက သိကြတော့ ငတေ့ဆီသွားပြီး ငတေရယ်၊ မင်းအစ်ကို လူအ သနားပါတယ်ကွယ်။ သူနဲ့မင်းနဲ့ လဲလိုက်ပါ။ မင်းက လူပါးဆိုတော့ ပုဏ္ဏားကြီးပြုသမျှ ခံရမှာမဟုတ်ပါဘူး"လို့ ချော့မော့ပြောကြတယ်။ ငတေလည်း ငပေကို သနားလာတာနဲ့ လဲလိုက်တယ်။ ငပေလည်း ဒီတော့မှပဲ အေးအေးချမ်းချမ်း နေရတော့တယ်ကွယ့်။

ပုဏ္ဏားကြီးကလည်း ငတေကို ငပေလိုပဲမှတ်ပြီး အလုပ်ကို နင်းကန်ခိုင်းတာပေါ့ကွယ်။ တစ်နေ့ကျတော့ သူနဲ့ ပုဏ္ဏားကြီး မြက်ရိတ်သွားကြသတဲ့။ ပုဏ္ဏားကြီးဟာ ငတေ ထွက်ပြေးပြီထင်ပြီး စိတ်ဆိုးဆိုးနဲ့ မြက်ခြင်းကို တစ်ယောက်တည်း ထမ်းလာရသတဲ့။ လူတစ်ယောက်လုံး ခြင်းထဲမှာပါနေတော့ သိပ်လေးတာပေါ့ကွယ်။ ပုဏ္ဏားကြီးလည်း ငတေကို တက်တစ်ခေါက်ခေါက်နဲ့ အိမ်ရောက်အောင် ထမ်းလာရတာပေါ့ကွယ်။ အိမ်ပြန်ရောက်လို့ မြက်ခြင်းထဲက ငတေ ထွက်လာတာတွေ့ရတော့ ပုဏ္ဏားကြီးဟာ ဒေါသထွက်လွန်းလို့ မျက်နှာကြီးကို နီနေတာပေါ့ကွယ်။ ဒါကို ငတေကကြည့်ပြီး တဟားဟား ရယ်ရင်း "ပုဏ္ဏားကြီး စိတ်ဆိုးနေသလား"လို့ မေးသတဲ့ကွယ်။ ပုဏ္ဏားကြီးလည်း စိတ်ဆိုးရင် ငွေတစ်ထောင်ပေးရမှာဆိုတော့ ခေါင်းကြီးရမ်းပြီး "မဆိုးပါဘူး၊ မဆိုးပါဘူး" လို့ ဖြေရရှာသတဲ့။

ငတေကို ထမင်းကျွေးတဲ့အခါမှာလည်း ပုဏ္ဏားကြီးက ကပ်စေးနဲတော့ ပဲဟင်းနဲ့ပဲ ကျွေးတယ်။ ငတေကလည်း ပဲဟင်းတစ်ခွက်တည်း စားရတဲ့အခါများဆိုရင် "ပုဏ္ဏားကြီး ကြောင်အိမ်ထဲမှာ ဝက်သားချက်နဲ့ ငရုတ်သီးကြော်ရှိပါတယ်၊ ထုတ်ပေးပါ"လို့ တောင်းတယ်။ ပုဏ္ဏားကြီးက ထုတ်မပေးဘဲ ငြင်းနေရင် သူကိုယ်တိုင် ကြောင်အိမ်လှပ်ပြီး ရှိသမျှဟင်းတွေ အကုန်စားပစ်တာပဲတဲ့။

ပြီးတော့ သူက ပြောင်စပ်စပ်နဲ့ ပုဏ္ဏားကြီး စိတ်ဆိုးသလား လို့ မေးတယ်။ စိတ်ဆိုးပေမဲ့ ငွေတစ်ထောင် လျော်ရမှာ ကြောက်တဲ့ ပုဏ္ဏားကြီးက မဆိုးပါဘူး၊ မဆိုးပါဘူးနဲ့ ခေါင်းကြီးရမ်းပြီး ဖြေရရှာတယ်ကွယ့်။ နောက်တစ်နေ့ ကျ ပုဏ္ဏားကြီးနဲ့ငတေဟာ တောထဲကို မြွက်ရိတ်သွား ကြပြန်တယ်။ ပုဏ္ဏားကြီးက အရင်တစ်ခါ ငတေကို သူ ကိုယ်တိုင် ထမ်းခေါ်လာရတာကို အခဲမကြေဖြစ်နေရှာ တယ်။ ဒီတစ်ခါတော့ သူကိုယ်တိုင် မြွက်တောင်းထဲဝင် လိုက်မယ်ဆိုပြီး ငတေအလစ်ကို ကြည့်နေသတဲ့။ ငတေ တစ်ဖက်လှည့် မြွက်ရိတ်နေတုန်း ပုဏ္ဏားကြီးက မြွက် တောင်းထဲအသာဝင်ပြီးပုလိုက်သတဲ့ကွယ်။ ဒါပေမဲ့ လူပါး ဖြစ်တဲ့ ငတေက မြင်လိုက်တယ်။ သူလည်း သူ့အကြံနဲ့မို့ မမြင်ချင်ယောင်ဆောင်နေလိုက်သတဲ့။ ငတေဟာပုဏ္ဏား ကြီး မြွက်တောင်းထဲမှာရှိတာသိတော့ မြွက်တွေကို နင်း ကန်သိပ်ထည့်တာပဲပေါ့။ အထဲက ပုဏ္ဏားကြီးခမျာလည်း သည်းခံပြီး ငြိမ်ငြိမ်လေးနေရတာပေါ့။ ငတေက ပြန်တော့ မယ်လုပ်ပြီး ပုဏ္ဏားကြီးကို အော်ခေါ်တယ်။ ဟန်ဆောင် တာပေါ့ကွယ်။ “ထူးသံလည်းမကြားပါဘူး၊ ငါ့ဆရာပုဏ္ဏား ကြီးတော့ ကျားများဆွဲသွားပြီထင်ပါရဲ့ ဒုက္ခပါပဲလေ၊ အိမ် ကျရင် ပုဏ္ဏားကတော်ကြီး ဘယ်လိုများပြောရပ့ါမလဲ”လို့ ငိုသံပါကြီးနဲ့ ညည်းသတဲ့။ မြွက်တောင်းထဲက ပုဏ္ဏားကြီး ကတော့ ငတေ ငါ့ကို တကယ်ပျောက်ပြီထင်နေတယ် ဆိုပြီး ပြုံးသတဲ့။ အဲလိုနဲ့ ငတေက မြွက်တောင်းကြီးကို ထမ်းပြီး အိမ်ပြန်လာတယ်။ လမ်းလည်းကြပါရောကွယ် ငတေဟာ “တော်တော်လေးတဲ့ မြွက်တောင်းကြီး၊ ချွေးဝင် အိပ်နေတဲ့အတိုင်းပဲ”လို့ ပြောပြီး မြွက်တောင်းကြီးကို ပစ်ချလိုက်သတဲ့။ အထဲက ပုဏ္ဏားကြီးတော့ တော်တော် အောင့်သွားတာပေါ့။ ငတေဟာ ပစ်ချရုံတင် အားမရ သေးဘဲ “လေးဦးဟာ၊ လေးဦးဟာ”ဆိုပြီး မြွက်တွေကို ခြေထောက်နဲ့ ဆောင့်ဆောင့်နင်းသတဲ့ကွယ်။ အထဲက ပုဏ္ဏားကြီးမှာတော့ နာလွန်းလို့ ကျိတ်မှိတ်ခံနေရရှာ တယ်။ ဒီလိုနဲ့ အိမ်ရောက်ခဲ့တယ်။

အိမ်ရောက်တော့ ငတေက အကြောင်းစုံပြောပြတာ နဲ့ ပုဏ္ဏေးမကြီးလည်း သူ့လင်ပုဏ္ဏားကြီးကိုတပြီး ငိုတာ ပေါ့ကွယ်။ ငတေကလည်း မြွက်တွေဆွဲလိုက်ပါရော၊ တောင်းထဲက ဒဏ်ရာအညိုအမဲတွေနဲ့ ပုဏ္ဏားကြီးက ထွက်လာတော့တယ်။ ငတေလည်း ပုဏ္ဏားကြီးကိုကြည့် ပြီး တဟားဟား ရယ်လိုက်တယ်။ နောက်ပြီးတော့ “ပုဏ္ဏားကြီး စိတ်ဆိုးသလားလို့ မေးတယ်” ပုဏ္ဏားကြီး လည်း စိတ်ဆိုးပေမဲ့ “မဆိုးပါဘူး၊ မဆိုးပါဘူး”လို့ ဖြေ လိုက်ရှာတယ်။

တစ်နေ့မှာ ပုဏ္ဏားကြီးက ငတေကို မိတ်ဆွေအိမ် တစ်အိမ်ကို ခေါ်သွားတယ်။ မိတ်ဆွေအိမ်က ရွာတစ်ရွာ မှာဆိုတော့ သူတို့ ညအိပ်ရတာပေါ့ကွယ်။ မိတ်ဆွေအိမ် ရောက်ပြီး ပုဏ္ဏားကြီးက သူ့မိတ်ဆွေနဲ့ စကားပြောနေ တုံး ငတေဟာ မီးဖိုချောင်ထဲဝင်သွားတယ်။ ညစာ ချက်နေတဲ့ထမင်းချက်နားသွားပြီး “ခင်ဗျား၊ ဘာတွေ ချက်မလို့လဲ၊ ကျုပ်ဆရာ ပုဏ္ဏားကြီးကတော့ ပဲဟင်းချို နဲ့ ငရုတ်သီးကြော်ကလွဲပြီး ဘာမှမစားဘူးဗျ”လို့ ပြော တယ်။ ထမင်းချက်ကလည်း “ကောင်းပါပြီဗျာ၊ ပုဏ္ဏားကြီး ကြိုက်တဲ့ဟင်းတွေ ချက်ထားလိုက်ပါမယ်၊ ခင်ဗျား ကကော ဘာဟင်းကြိုက်သလဲ”လို့ မေးသတဲ့။ “ကျုပ် ကတော့ဗျာ၊ ဝက်သားဆိုလည်းလာခဲ့၊ ကြက်သားဆို လည်း လာခဲ့၊ ငါးဆိုလည်း လာခဲ့ပဲဗျ၊ ဟင်းသီးဟင်းရွက် တော့ မစားဘူး”လို့ ငတေက ပြန်ဖြေလိုက်တယ်။ ထမင်း ချက်ကလည်း ကောင်းပါပြီ၊ ခင်ဗျားကြိုက်တဲ့ဟင်းတွေ ချက်ပ့ါမယ်လို့ ပြန်ပြောလိုက်တယ်။ ညနေစာထမင်း ကျွေးတော့ အကြိုက်ချင်းမတူတဲ့ ပုဏ္ဏားကြီးနဲ့ ငတေကို ခွဲကျွေးတာပေါ့ကွယ်။ အိမ်ရှင်မိတ်ဆွေကလည်း သူ့ တပည့် ထမင်းချက် ပြောပြထားတဲ့အတွက် ပုဏ္ဏားကြီး ပဲဟင်းနဲ့ ငရုတ်သီးကြော်ပဲ စားတယ်လို့ တကယ်ထင်နေ တာပေါ့။ ပုဏ္ဏားကြီးကတော့ အိမ်ရှင်ကျွေးသလိုပဲ စား ရတာပေါ့။ ငတေက ဝက်သားတုံးကြီးကိုကော်ပြီး အားရ ပါးရလွေးလိုက်တိုင်း ပုဏ္ဏားကြီးခမျာမှာ ပဲဟင်းချိုတွေကို ဇွန်းနဲ့ခပ်ပြီး အားရပါးရသောက်လိုက်ရရှာသတဲ့။ စား

သောက်ပြီးစီးတော့ ပုဏ္ဏားကြီးက ငတေ့ကို "ငတေရေ၊ ငါ့တော ပဲဟင်းချိုတွေ အားရပါးရသောက်ထားတာ ည ကျရင် ထရလိမ့်မယ်ထင်တယ်၊ အိမ်ရှင့်ဆီက နောက် ဖေးအိုး ယူထားပါကွာ"လို့ မှာထားတယ်။ စိတ်ချပါဆရာ လို့ ငတေကပြောပေမယ့် ယူမထားဘူးကွယ့်။ အဲဒီလိုနဲ့ သန်းခေါင်လောက်ကျတော့ ပုဏ္ဏားကြီးက ငတေကို နှိုး ပြီး နောက်ဖေးအိုးတောင်းတာပေ့ါကွယ်။ ငတေလည်း အိပ်မှုန်စုံဖွားနဲ့ထပြီး သောက်ရေအိုးစင်က ရေမရှိတဲ့ သောက်ရေအိုးကြီးကို ယူပေးလိုက်တယ်။ ပုဏ္ဏားကြီး လည်း သောက်ရေအိုးမှန်းသိပေမယ့် မိုက်ကနာလွန်းလို့ မတတ်နိုင်တော့ ပါချရတာပေ့ါ။ ပြီးတော့ ငတေ့ကို "အိမ် သားတွေမနိုးခင် မနက်စောစောထပြီး သွန်ပါကွယ်၊ ဒါမှ နေရာမပျက် ပြန်ထားနိုင်မှာ"လို့ မှာသတဲ့။ မနက်မိုး မလင်းခင် ပုဏ္ဏားကြီးက ငတေကိုနှိုးတော့ စောပါသေး တယ်လို့ပြောပြီး ပြန်အိပ်နေတယ်။ ဘယ်လိုနှိုးနှိုး မရတာ နဲ့ ပုဏ္ဏားကြီးလည်း သူကိုယ်တိုင် အိုးကြီးထမ်းပြီး အိမ် အောက်ဆင်းတာပေ့ါ။ လှေကားမှာ နိုးနင့်နေတဲ့ မိတ်ဆွေ သမီးကမြင်တော့ "အို... ပုဏ္ဏားကြီးကလည်းရှင်၊ ရေကုန် နေလို့လား၊ ကိစ္စမရှိပါဘူး၊ ကျွန်မတို့ခပ်မှာပေ့ါ၊ မခပ်ပါနဲ့" လို့ပြောပြီး ရေအိုးကို အတင်းဆွဲသတဲ့။ ပုဏ္ဏားကြီး ကလည်း အမှန်ပြောရမှာခက်နေတော့ "ဟာ... ကိစ္စမရှိ ပါဘူး၊ ကျုပ်ပဲ သွားခပ်လိုက်ပါ့မယ်"လို့ဆိုပြီး ရေအိုးကြီး ကို အတင်းပြန်လုသတဲ့။ ဒီလို သူတို့နှစ်ယောက် လုလိုက် ကြတာ ကြားထဲက ရေအိုးကြီးကျကွဲပြီး မစင်တွေ ဖိတ် ကုန်ပါလေရောကွယ်။ ပုဏ္ဏားကြီးလည်း ရှက်လွန်းတာနဲ့ အိမ်ပြန်ပြေးသွားသတဲ့။ ငတေလည်း နောက်ကလိုက် လာပြီး "ပုဏ္ဏားကြီး၊ စိတ်ဆိုးသလား"လို့ မေးတယ်၊ ပုဏ္ဏားကြီးလည်း "မဆိုးပါဘူး၊ မဆိုးပါဘူး"လို့ ပြန်ဖြေ ရတာပေ့ါကွယ်။

ပုဏ္ဏားကြီးလည်း ငတေကို ဒီလို ထားလို့တော့ မဖြစ် တော့ဘူးလို့ စဉ်းစားပြီး စာတစ်စောင်ရေးတယ်၊ စာအိတ် ထဲမှာထည့်ပိတ်ပြီးတော့ ငတေ့ကို ရွာတစ်ရွာက သူ့မိတ် ဆွေ အိုးဖုတ်သမားဆီသွားပေးဖို့ ခိုင်းတယ်။ ငတေလည်း ထွက်လာပြီး လမ်းက မုန့်ဆိုင်တစ်ဆိုင်မှာ နားနေတော့ ကုန်သည်ကြီးတစ်ယောက်နဲ့တွေ့တယ်။ ငတေက စာ လေးကိုထုတ်ပြီး ဖတ်ပြစမ်းပါလို့ ပြောသတဲ့။ ငတေက စာမတတ်ဘူးကွယ့်။ "သို့မိတ်ဆွေကြီး၊ ယခုလာသော သူငယ်အား မိတ်ဆွေ၏ အိုးဖုတ်သောဖိုထဲတွင် ထည့်၍ သတ်လိုက်ပါ"လို့ ဖတ်ပြလိုက်တယ်။ ငတေကလည်း ချက်ချင်းကုန်သည်ကြီးကိုတောင်းပန်ပြီး "ယခုလာသော သူငယ်အား မိတ်ဆွေ၏သမီးနှင့် ထိမ်းမြားပေးလိုက်ပါ" လို့ရေးခိုင်းသတဲ့ကွယ်။ ကုန်သည်ကြီးကလည်း ငတေ့ကို သနားပြီး ရေးပေးလိုက်တာပေ့ါကွယ်။ ငတေလည်း စာ ကို ယူသွားပြီး အိုးဖုတ်သမားကို ပေးတာပေ့ါ။ အိုးဖုတ် သမားကလည်း "အင်း.... ငါ့မိတ်ဆွေပုဏ္ဏားကြီးက တော် သင့်တဲ့သူငယ်လေးမို့ ရေးပေးလိုက်တာပဲ"ဆိုပြီး သူ့သမီး နဲ့ ထိမ်းမြားပေးလိုက်သတဲ့။ ဒါနဲ့ ငတေ့တို့ ဇနီးမောင်နှံ လည်း လှည်းယဉ်လေးစီးပြီး ပုဏ္ဏားကြီးဆီ ကန်တော့ လာကြသတဲ့။ ပုဏ္ဏားကြီးက ငတေတို့ကို မြင်တော့ သိပ် ပြီး အံ့သြနေတာပေ့ါ။ ငတေက ပြုံးရယ်ပြီး "ပုဏ္ဏားကြီး စိတ်ဆိုးသလား"လို့ မေးတာပေ့ါ။ ဒီတော့ ပုဏ္ဏားကြီး လည်း ခေါင်းကြီးရမ်းပြီး "မဆိုးပါဘူး၊ မဆိုးပါဘူး"လို့ ပြန် ဖြေလိုက်ရှာသတဲ့ကွယ်။ အဲဒီနေ့ကစပြီး ငတေတို့ဇနီး မောင်နှံ ပျော်ပျော်ရွှင်ရွှင်နဲ့ အသက်ထက်ဆုံး နေသွား ကြတယ်။

မိုး–ရွှေညာမြေ
(၁၉၆၃–ဖေဖော်ဝါရီ)

လုပ္ပျင်းရဲ့ နိဂုံး
မှော်ရှိသူ
ရှန်ကုန်တက္ကသိုလ်
တစ်ခါက ရွာတစ်ရွာမှာ မောင်ဖြူစင်နဲ့ ဆိုးပေသိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်
သူတို့နှစ်ယောက်ဟာ ရွာမှာ ဆင်းရဲချို့တဲ့ကြသူတွေပေါ့
မောင်ဖြူစင်ဟာ မိခင် မှဆိုးမကြီးကိုလုပ်ကျွေး ပြုစုနေသူဖြစ်တယ်။

သူဟာ ရိုးသားကြိုးစားပြီး သူတစ်ပါးကိုလည်းကူညီတတ်တယ်..
ဒါပေမဲ့ သူ့မှာကိုယ်ပိုင်အလုပ် မရှိဘဲ သူတစ်ပါး ခိုင်းတာကို အခစား လိုက်လုပ်ရတယ်.. ..
ဆိုးပေကတော့ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ဘဲ အချောင်ရလိုစိတ် ရှိသူ ဖြစ်တယ်..

ဘာ အလုပ်မှ မလုပ်ပါဘဲ သူဌေး ဖြစ်ချင်လိုက်တာ ဒါဆိုရင် ဇိမ်နဲ့ အိပ် ဇိမ်နဲ့စား အတော်တော်ဟန်ကျမှာပဲ
ဆိုးပေ ရာ အလုပ်ကောင်းကောင်း လုပ်မှ သူဌေး ဖြစ်တော့မှာပေါ့! စိတ်ကူး မယဉ်ချင်စမ်းပါနဲ့ကွာ..
မောင်ဖြူစင်နဲ့ ဆိုးပေ ဟာ သူငယ်ချင်းတွေဖြစ်ကြ ပေမယ့် စိတ်ဓါတ်တွေက မတူဘူး ဖြစ်နေတယ်။

တစ်နေ့မှာ မောင်ဖြူစင်ဟာ သူများဆီမှာအလုပ်လုပ်နေရင်း သတင်းတစ်ခုကြားရသတဲ့ ..
ငါတို့ရွာရဲ့ အရှေ့ဘက် တောင်ပေါ်မှာ ပညာရှိအဘိုးအို တစ်ယောက်ရှိတယ်တဲ့ .. သူ့ဆီကိုသွားရင်အကြံဉာဏ် ကောင်းတွေပေးလိုက်တယ်
သူပေးတဲ့အကြံအတိုင်း လုပ်ရင် ခဏလေးနဲ့ ကြီးပွားချမ်းသာတယ်တဲ့
မောင်ဖြူစင်ဟာ ပညာရှိ အဘိုးအိုသတင်းကို ကြားရတော့စိတ်ဝင်စားပြီး တွေးနေမိတာပေါ့ ..

အင်း သူများတွေ ပြောနေကြတဲ့ ပညာရှိ အဘိုးအိုဆီ စွန့်ပြီး သွားရင်ကောင်းမယ် .. ဒါမှ ကြီးပွားချမ်းသာမှာ ..
ဒါနဲ့ စဉ်းစားဆုံးဖြတ်ပြီး မိခင်ဖြစ်သူကို သူသွားဖို့ရာ ခွင့်ပန်တာပေါ့ .. ..
အမေရယ် သားကို ပညာရှိ အဘိုးအိုဆီသွားဖို့ ခွင့်ပြုပါ သိပ်မကြာပါဘူး အကြံရတာနဲ့ပြန်လာမှာပါ
ကောင်းလေ ဒါဆိုရင် သွားပေါ့
မိခင်ဖြစ်သူကလည်း သားဖြစ်သူရဲ့ ဘဝ တက်လမ်းအတွက်ဖြစ်လို့ ခွင့်ပြုလိုက်ရတယ် ..

မိခင် ဆိုက နှင့်ပြုချက်ရပြီးတော့မောင်ဖြူစင်က သူငယ်ချင်းဖြစ်တဲ့ဆိုးပေနဲ့သွားတိုင်ပင်တယ်။
ဟာ ဒါဆိုရင် ငါလည်းသိုက်မှာပေါ့! အလုပ်မလုပ်ဘဲ ကြီးပွားချမ်းသာမယ့် အကြံဉာဏ်ကို တောင်းရမယ်ကွ။
မင်းလို အလုပ်မလုပ်ချင်တဲ့သူဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး
အေးလေ။ ငါကတော့ အလုပ်မလုပ်ဘဲနဲ့ သူဌေးဖြစ်နိုင်မယ့် အကြံကိုတောင်းမှာပဲ

ဒါနဲ့ မောင်ဖြူစင်နဲ့ ဆိုးပေတို့ဟာ ပုဿာရှိ အသုံးအို ရှိတယ်ဆိုတဲ့ ရွာတောင်ဘက်ကို ထွက်လာခဲ့တယ်
အင်း ငါကတော့ အမေ့အတွက် စားဖို့ယောက်ဖို့ အားလုံးတော့ စီစဉ်ပေးခဲ့လိုက်တယ်..
သူတို့ဟာ တောအုပ်တစ်နေရာမှာ ကျားတစ်ကောင်နဲ့ တွေ့သတဲ့..
ဟေ့ လူသား သူငယ်ချင်းတို့ ဘယ်သွားမလို့လဲ

ကျုပ်က အလုပ်လုပ်ပြီး ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမလဲလို့ အကြံ့သွားတောင်းမလို့
ငါက အလုပ်မလုပ်ဘဲနဲ့ သူဌေးဖြစ်နည်း အကြံ သွားတောင်းမလို့
ဒါဖြင့် ခင်ဗျားတို့ခရီးသွားရင်း ကျုပ်ဗိုက်အောင့်နေတာပျောက်အောင် ဘာလုပ်ရမလဲဆိုတာမေးပေးခဲ့ပါဗျာ..
မောင်ဖြူစင်နဲ့ ဆိုးပေလှသီး ကျားကြီး အမေးကိုမေးပေးဖို့ ကတိပေးပြီးခရီးဆက်ထွက် လာခဲ့ကြတယ်..

သူတို့ဟာချောင်းကမ်းပါး
တစ်ခုနေရာမှာမိကျောင်းကြီး
တစ်ကောင်နဲ့တွေ့ပြန်တယ်
အို.. မိတ်ဆွေလူသားတို့
ဘယ်သွားမလို့လဲဗျ..
ဒီအခါ မောင်ပြုစင်က
မိကျောင်းကြီးကို အကျိုး
အကြောင်းပြောပြလိုက်တယ်
ဒါဆိုရင် အတော်ပဲဗျာ
ကျုပ်မှာလည်ချောင်းနာပြီး
အစာမစားနိုင်လို့ဘာလုပ်
ရမလဲဆိုတာမေးခဲ့ပေးပါဗျာ
စိတ်ချပါ
စုံစမ်းခဲ့ပါ့မယ်


မောင်ဖြူစင်တို့ဟာ ခရီးဆက်ထွက်
လာရင်း မောလို့သစ်ပင်ရိပ်
အောက်မှာ အမောဖြေနေကြတယ်
အို လူသားတို့ ပညာရှိအဘိုးအို ရှိတဲ့
တောင်ပေါ်ကိုသွားမလို့လား ဒီဘက်
ယွန်းယွန်းကသွားပါ..ကျုပ်ကအပင်သာ
ကြီးလာတယ် အသီးမသီးလို့ဘာလုပ်
ရမလဲဆိုတာအကြံတောင်းခဲ့ပေးပါလား
မောင်ဖြူစင်တို့လည်း သစ်ပင်ကြီးပြတဲ့
လမ်းအတိုင်းသွားရင်း ပညာရှိအဘိုးအို
ရှိတဲ့ဆီကို ရောက်လာခဲ့တာပေါ့..
ဒါနဲ့ ပညာရှိအဘိုးအိုဆီ
ရောက်တော့သူတို့သိလို
သမျှမေးမြန်းကြတယ်..

သစ်ပင်ကြီး အသီးမသီးတာက သူ့အပင်အောက်မှာမြှုပ်နေတဲ့ အရာကို တူးဖော်လိုက်ပါ
မိကျောင်းရဲ့ လည်ချောင်း နင်နေတာက တစ်ခုခုတစ်ဆို့ နေလို့ပဲ အဲဒါကိုအန်ထုတ် လိုက်ရင်အစာစားနိုင်လိမ့်မယ်
ကျားကြီး ဗိုက်အောင့် တာကလူပျင်းလူညံ့ တစ်ယောက်ကို စားလိုက်ရင်ပျောက်မယ်
အခု ပြဿနာတွေကို ဖြေရှင်းနိုင်ရင် မင်းတို့ ကြီးပွားချမ်းသာလိမ့်မယ်

မောင်ဖြူစင်လည်း ပညာရှိ အဘိုးအိုကို သူတတ်နိုင်သမျှ အလုပ်အကျွေးပြုပြီး ဆိုးပေကို ခေါ်ပြီး ပြန်လာခဲ့တယ်..
ဒါနဲ့ သစ်ပင်ကြီးဆီရောက်တော့ ပညာရှိ အဘိုးအိုဖြေတာကို ပြောပြလိုက်တာပေါ့ ..
ဒါဆိုရင် ကျုပ်အောက်က မြုပ်နေတဲ့အရာကို တူးပေးပါလားဗျာ..
ဪ ပျင်းပါတယ်ဆိုမှ မင်းဘာသာလုပ်ချင်လုပ် ငါတော့မလုပ်နိုင်ဘူး..
မောင်ဖြူစင်က သစ်ပင် အောက်ခြေကို တူးဖော် ပေးတော့ ရွှေအိုးကြီး တစ်လုံးကိုတွေ့ရတယ်တဲ့
အသင်နဲ့ ထိုက်လို့ရတာ ယူလိုက်ပါတော့

ဒါနဲ့ ခရီးဆက်ခဲ့ကြတော့ မိကျောင်းကြီးနဲ့တွေ့တယ်
လည်ချောင်းထဲ နင်နေတာကို ထုတ်ပစ်ရမယ်တဲ့
ဒါဆိုရင် ကူညီပြီးတော့ ထုတ်ပေးပါဗျာ
မိတ်ဆွေပဲ ယူသွားလိုက်ပါ
ဒါနဲ့ မောင်ဖြူစင်က မိကျောင်းကြီး ပါးစပ်ထဲ နှိုက်ထုတ်လိုက်တော့ စိန်တုံးကြီးဖြစ်နေလို့ မိကျောင်းကြီးက မောင်ဖြူစင်ကိုပေးလိုက်တယ်
သူတို့လည်း ခရီး ဆက်ထွက်လာကြပြီး ညဘက်ရောက်တော့ တစ်နေရာမှာ စခန်းချ အိပ်ကြတာပေါ့..

မောင်ဖြူစင် အိပ်ပျော်နေတဲ့
အချိန်ရောက်တော့ ဆိုးပေကာ
မောင်ဖြူစင်ရဲ့ရွှေအိုးနဲ့စိန်တုံး
ထည့်ထားတဲ့အိတ်ကိုယူသွားတယ်
အလှုပ်မလှုပ်ဘဲနဲ့
သူဌေးဖြစ်တဲ့နည်းက
အဲဒါပဲကွ.. ဟဲဟဲ
ဆိုးပေလည်း မနက်ရောက်တော့
ကျားကြီးနဲ့တွေ့တော့တာပေါ့..
မင်းဗိုက်အောင့်တာ
လူပျင်းတစ်ယောက်ကို
စားလိုက်ရင်ပျောက်မယ်
ဒါကတော့ အလှုပ်
မလှုပ်ဘဲသူဌေးဖြစ်ပြီ
ဒီမှာတွေ့လား ..
ဆိုးပေက လမ်းမှာ
ကြုံခဲ့ရတာတွေကို
အကုန်ပြောပြလိုက်တယ်

အင်း ဒီလူဟာ ကလိမ်ကကျစ် လူပျင်းပဲ သူ့ကိုစားပစ်လိုက်ရင် ငါ့ဗိုက်အောင့်ပျောက်မယ်
ညနေဘက်ရောက်တော့ အဲဒီနေရာကို မောင်ဖြူစင်ရောက်လာသတဲ့..
ဟင် လူအရိုးတွေနဲ့ ငါ့ရွှေအိုးရယ် စိန်တုံးရယ် ပါလား.. ဒါဆိုရင်ဒီအရိုးဟာ ဆိုးပေပဲဖြစ်မှာ.. အင်း.. မင်းဟာလူပျင်းပါလား
မောင်ဖြူစင်ဟာ ဆိုးပေရဲ့ အရိုးတွေကို မြေမြှုပ်ပြီး ရွှေအိုးနဲ့ စိန်တုံးကိုယူပြီး ပြန်လာခဲ့တာပေါ့ကွယ်..
ပြီး

# ပညာရှိကလေး မောင်ဉာဏ်ထက်

နန္ဒာမိုးကြယ်

ဟိုးတစ်ခါတုန်းက တောရွာကလေး တစ်ရွာမှာမောင်ဉာဏ်ထက်”ဆိုတဲ့ သူငယ်ကလေးတစ်ဦး ရှိသတဲ့။

မောင်ဉာဏ်ထက်ကလေးဟာသူနဲ့ရွယ်တူတွေထဲမှာသူမတူအောင် ထူးချွန်ထက်မြက်လို့ အားလုံးကချစ်ခင်အလေးထားကြသလို ကစားဖော်သူငယ်ချင်းတွေအားလုံးကလည်း ခေါင်းဆောင်နေရာမှာ ထားကြပါသတဲ့။

တစ်နေ့မှာတော့မောင်ဉာဏ်ထက်နဲ့သူငယ်ချင်းတွေဟာရွာအစပ်က အရိပ်အာဝါသကောင်းလှတဲ့ ညောင်ပင်ကြီးအောက်မှာ စုဝေးဝိုင်းဖွဲ့ ပြီး ပျော်ရွှင်စွာဆော့ကစားနေခဲ့ကြတယ်။ အဲသည်အချိန်မှာပဲ နယ်တကာလှည့်ပြီးဆေးဝါးကုသနေတယ်ဆိုတဲ့ဆေးဆရာကြီးဦးကျောက်ဖားဆိုတာ ရောက်လာခဲ့တယ်။ သူဟာရွာစဉ်လှည့်ပြီး ဆေးကုစီးပွားရှာတဲ့အပြင် အခြေအနေကောင်းရင်ကောင်းသလိုဘုရားဌာပနာတွေပါ ဖောက်မယ်လို့ အကြံအစည်ရှိတဲ့ လူယုတ်မာကြီးပဲပေါ့။

“အင်း...သည်ရွာမှာ ငါ့အတွက် အသပြာ မြိုးမြိုးမြက်မြက်ရနိုင်အောင်ဘယ်သူ့ကို ဆေးကုဖို့ကြံရင်ကောင်းမလဲ”

အဲသလို မကောင်းကြံတဲ့အတွေးတွေနဲ့ မောင်ဉာဏ်ထက်တို့ စုဝေးဝိုင်းဖွဲ့ ကစားနေကြတဲ့ ညောင်ပင်ကြီးနားကို ရောက်တော့ ရေချမ်းစင်မှာ ခေတ္တအပန်းဖြေရင်ညောင်ပင်ထက်ကို ဝေ့ကြည့်လိုက်တယ်။

“ဟာ...အပင်ခွကြားမှာ မြွေဆိုးတစ်ကောင်၊ ပြီးတော့ ငှက်သိုက်တစ်ခု။ ဟာ... ဟုတ်ပြီ။ ကစားနေကြတဲ့ကလေးတွေထဲက တစ်ယောက်ယောက်ကို ချေးဦးဖောက်ရမယ်”

အဲသလို အကြံဆိုးနဲ့ ကစားနေတဲ့ ကလေးတွေကို...

“ဟေ့... သူငယ်တို့၊ ဟောဟို ညောင်ပင်ကြီးရဲ့ ခွကြားမှာ ဆက်ရက်ပေါက်လေးတွေ ရှိတယ်ကွ။ လိုချင်တဲ့သူ တက်နှိုက်ပါလား”

လို့ပြောတဲ့အခါ ဝိုင်းလာတဲ့သူငယ်တစ်ယောက်က ချက်ချင်းပဲ ကတောင်းမြှောင်အောင်ကျိုက်ပြီး ညောင်ပင်ကိုဖက်လို့ ခွကြားရှိရာ တရွေ့ရွေ့ တက်သွားပါတော့တယ်။ အပင်အောက်မှာတော့ ဆေးဆရာဦးကျောက်ဖားနဲ့ မောင်ဉာဏ်ထက်တို့ တစ်သိုက်ဟာ ညောင်ပင် ခွကြားရှိရာကို ခေါင်းကလေးတွေ ကိုယ်စီမော့နေကြလို့ပေါ့။

သူငယ်လေးလည်းသစ်ပင်ခွကြားကိုလက်လှမ်းမီတာနဲ့ငှက်သိုက်ရှိရာ လက်ကမ်းလိုက်တာ ဘယ်ဆက်ရက်ပေါက်ကလေးတွေကိုမှ မဆုပ်မိဘဲ မြွေဆိုးရဲ့လည်ကို ဆုပ်မိလျက်သားဖြစ်သွားတယ်။



“ဟာ...မြွေ...မြွေ မြွေကြီး...အမလေး...”

သူငယ်လေးလည်း သူ့ကို မြွေပေါက်မှာစိုးတာနဲ့ ကြောက်အားလန့်အား ဆိုသလို အောက်ကို လွှတ်ချလိုက်တယ်။

ကံဆိုးချင်တော့ လွှတ်ချလိုက်တဲ့မြွေဆိုးဟာ လေထဲမှာ ဝဲပြီး ဆေးဆရာဦးကျောက်ဖားရဲ့လည်ပင်ကို ပတ်မိလျက်သား ဖြစ်သွားတယ်။

“အား... အမလေး... သေပါပြီဗျာ”

မြွေဆိုးဟာ ဦးကျောက်ဖားရဲ့လည်တိုင်ကို မလွှတ်တမ်း ခဲထားတာမို့ပြင်းထန်တဲ့မြွေဆိပ်တွေစီးဝင်ပြီးဦးကျောက်ဖားလည်း နေရာမှာတင်တုံးခနဲ လဲကျပြီးအသက်ထွက်သွားတယ်။တစ်ကိုယ်လုံးလည်း ပြာလို့နှမ်းလို့။

ဦးကျောက်ဖားကို ကိုက်တဲ့မြွေဟာ ချုံပုတ်တစ်ခုထဲ ဝင်ရောက် ပျောက်ကွယ်သွားတော့ ကလေးသူငယ်တွေရဲ့ အော်သံဟစ်သံတွေကြောင့်ရွာထဲကလူတွေထွက်လာကြတယ်။သူတို့ဟာ အကျိုးနဲ့အကြောင်း မဆက်စပ်တတ်ကြရုံမက ဆင်ခြင်တွေးခေါ်နိုင်စွမ်းလည်း မရှိကြတာမို့...

“ဟာ... ဒါဟာ နယ်နယ်ရရမဟုတ်ဘူး။ လူသတ်မှုကွ...လူသတ်မှု။ ဒီကလေးတွေ တစ်ယောက်မှ ထွက်မသွားကြစေနဲ့။ အားလုံးကိုဖမ်းပြီး မင်းကြီးဆီ ပို့ရမယ်”

လို့ ပြောပြီး သူငယ်တွေအားလုံးကို ကြိုးတွေနဲ့တုပ်နှောင်ကြတယ်။ မောင်ဉာဏ်ထက်က အကျိုးသင့်အကြောင်းသင့်ရှင်းပြပေမဲ့ လက်သည်အစစ်ဖြစ်တဲ့ မြွေကိုမတွေ့တာကြောင့်လက်မခံကြဘူး။ သည်အခါမောင်ဉာဏ်ထက်လည်း...

“သူငယ်ချင်းတို့... ဘာမှ မစိုးရိမ်ကြပါနဲ့။ တရားကိုနတ်စောင့်ပါတယ်။ ငါတို့တွေ မင်းကြီးရဲ့ရှေ့တော်မှောက်ကို ရောက်ကြတဲ့အခါ ကြောက်ရွံ့တုန်လှုပ်ဟန် မပြကြပါနဲ့။ မျက်နှာကို ကြည်ကြည်လင်လင် ထားကြပါ။ မင်းကြီးနဲ့ ပြောကြဆိုကြရင် ငါကိုယ်တိုင် ဦးဆောင်ပြီး ပြောဆိုဖြေရှင်းပါ့မယ်”လို့ အားပေးစကား ပြောဆိုတော့ သူငယ်အပေါင်းလည်း သူတို့ခေါင်းဆောင်တင်ထားတဲ့ မောင်ဉာဏ်ထက်ကို ယုံကြည်စိတ်ချမှုအပြည့်နဲ့ လက်ခံသဘောတူကြပါတယ်။ သည်လိုနဲ့ပဲ ရွာသူရွာသားတွေဟာ မောင်ဉာဏ်ထက်နဲ့ အပေါင်းအပါတွေကို လူ



သတ်တရားခံတွေလို့ ယိုးစွပ်ပြီး မင်းကြီးရဲ့ရှေ့တော်မှောက်ကို ရောက်ခဲ့ကြပါသတဲ့။ အဲသည်နောက် အကျိုးအကြောင်း ပြောဆို လျှောက်ထားပြီး...

"အရှင်မင်းကြီး... ဟောသည်သူငယ်တွေဟာ လူသတ်မှု ကျူးလွန်ခဲ့တဲ့သူတွေပါ။ သည့်အတွက် အပြစ်ဒဏ် စီရင်တော်မူပါ" လို့ တင်ပြလျှောက်ထားကြပါသတဲ့။

မင်းကြီးဟာ သီလသမာဓိရှိသူပီပီ အမှန်အတိုင်းဖြစ်စေရမယ်လို့ ဆုံးဖြတ်ပြီး မောင်ဉာဏ်ထက်နဲ့တကွသူငယ်အားလုံးကို လွှမ်းခြုံအကဲခတ်တော်မူပါတယ်။

"အင်း...သည်သူငယ်တွေ အားလုံးကိုကြည့်ရတာ ကြီးလေးတဲ့ပြစ်မှုအတွက် နည်းနည်းကလေးတောင်မှတုန်လှုပ်မှု မရှိကြတဲ့အပြင် မျက်နှာတွေဟာလည်း ညှိုးလျော်သွားတာ မတွေ့ရဘူး။ အားလုံးဟာ ကြည်ကြည်လင်လင်နဲ့...။ အင်း..ထူးတာတော့ ထူးနေပြီ"

အဲသည်လို တွေးတောနေမိရင်း...

"အို...သူငယ်တို့၊ သင်တို့ဟာ နှောင်ကြိုးတွေ အထပ်ထပ် တုပ်နှောင် ခံနေရပါလျက်ကယ်နဲ့ အပြစ်ပေးခံရတော့မယ်ဆိုတာကို သိနေပါလျက်ကယ်နဲ့ မျက်နှာတွေဟာ တုန်လှုပ်ညှိုးလျော်မှု မရှိ။ စိုးရိမ်ပူဆွေးခြင်းမရှိ။ ကြည်ကြည်လင်လင်ပါပဲကလား...။ ဘယ်လိုများဖြစ်ရတာပါလိမ့်"

လို့မေးမြန်းတော်မူလိုက်ပါတယ်။သည်အခါမှာရှေ့ဆုံးကနေ မားမားမတ်မတ် ရပ်နေတဲ့မောင်ဉာဏ်ထက်က ဒူးတုပ်ခစားရင်းကနေ...

"အရှင်မင်းကြီး... တုန်လှုပ်ထိတ်လန့်ခြင်း၊ စိုးရိမ်ပူဆွေးဝမ်းနည်းခြင်း၊ ရှိုက်ကြီးတငင် ငိုကြွေးခြင်းတို့ဆိုတာဟာ ဘယ်လိုမှ အကျိုးရှိတဲ့အရာတွေ မဟုတ်ပါဘူး။ တုန်လှုပ်ထိတ်လန့်နေမယ်၊ စိုးရိမ်ပူဆွေး ဝမ်းနည်းနေမယ်၊ ရှိုက်ကြီးတငင် ငိုကြွေးနေမယ်ဆိုရင် အဲသည်အဖြစ်ကို ရန်သူတွေ တွေ့ မြင်ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါလိမ့်မယ်။

အရှင်မင်းကြီး...

ဘေးရန်အန္တရာယ် ကြုံတွေ့လာပြီဆိုရင် အကျိုးစီးပွား အဆုံးအဖြတ်ကို သိတဲ့မြင်တဲ့ ပညာရှိဆိုတာမျိုးဟာ ဘယ်လိုမှ ထိတ်လန့်တုန်လှုပ်မှု မရှိပါဘူး။ ရန်သူတို့အဖို့ရာမှာလည်း မဖောက်မပြန် ပကတိတည်ကြည်တဲ့ မျက်နှာကို မြင်တွေ့လိုက်ရရင် ဆင်းရဲသွားကြပါလိမ့်မယ်။ အမှုကိစ္စ တစ်ခုခုဖြစ်လာပြီဆိုရင် အကျိုးစီးပွား ဖြစ်ထွန်းရာဖြစ်ထွန်းကြောင်းအတွက် ချစ်ဖွယ်သောစကားကိုသာ ပြောကြားရပါလိမ့်မယ်။ ပညာရှိသူတော်ကောင်းတွေနဲ့ တိုင်ပင်နှီးနှောရပါလိမ့်မယ်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဆိုတဲ့ အနန္တောအနန္တငါးပါးကို မမေ့မလျော့ရပါဘူး။ အကျိုးစီးပွားဖြစ်ထွန်းဖို့ရာအတွက် အမှန်ကို အမှန်အတိုင်းဖြစ်စေဖို့အတွက်လုံ့လထုတ်ရပါမယ်။ ဖြေရှင်းရပါမယ်။

အရှင်မင်းကြီး...

သတ္တဝါတိုင်း သတ္တဝါတိုင်းအဖို့ ကံသာအမိ၊ ကံသာအဖ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့်ဖက်က အရေးမလှဘဲ ရှုံးနိမ့်ခဲ့ရင်တောင်မှ ကံရဲ့စီမံရာအတိုင်း ဖြစ်ရတယ်လို့ နှလုံးသွင်းရပါလိမ့်မယ်"

မောင်ဉာဏ်ထက်ရဲ့ လျှောက်တင်မှုကို ကြားတော့ မင်းကြီးဟာ အင်မတန်မှပဲ နှစ်သက်သွားခဲ့ပါတယ်။ အဲဒါကြောင့်ပဲ အမှုသွားအမှုလာနဲ့ အမှုမှန်ပေါ်ပေါက်စေရေးအတွက် အဖြစ်မှန်သိရအောင်လို့ မင်းချင်းတို့ကို အခင်းဖြစ်တဲ့နေရာမှာ စေ့စေ့–စပ်စပ် စုံစမ်းစစ်ဆေးဖို့ တာဝန်ပေးလိုက်ပါတယ်။

မင်းချင်းတို့ ပြန်လာကြတဲ့အခါ ဆေးဆရာဟာ မြွေခဲလို့ သေရတဲ့အကြောင်း၊ ကလေး သူငယ်တို့ကို ညှောင်ပင်ထက် တက်စေရာက သူ့သဘောသူဆောင်သွားတဲ့အကြောင်းတင်ပြလျှောက်ထားကြလေတော့ မင်းကြီးလည်း...

"ဤအမှု၌ ကလေးသူငယ်တို့၌ အပြစ်မရှိ။ ထို့ကြောင့် လွှတ်စေ"

ဆိုပြီး အမိန့်ပေးတော်မူပါတယ်။

မင်းကြီးဟာ မောင်ဉာဏ်ထက်နဲ့တကွ သူငယ်အပေါင်းတို့ အရွယ်ရောက်လာကြတဲ့အခါ နန်းတော်ရှိရာ ခေါ်ဆောင်ပြီး မောင်ဉာဏ်ထက်ကို ပညာရှိအမတ်ရာထူးနဲ့ ချီးမြှောက်သလို ကျန်သူငယ်အပေါင်းကိုလည်း သင့်လျော်တဲ့ရာထူးတွေ ခန့်အပ်လိုက်ပါတယ်။

ကလေးတို့ရေ...

သည်ပုံပြင်လေးကိုကြည့်ရင် ယုတ်မာတဲ့သူဟာ ယုတ်မာတဲ့ လမ်းကြောင်းကို သွားရတဲ့အကြောင်း၊ ပညာရှိဆိုတာဟာအများ အကျိုးအတွက် ရှေ့တန်းကရပ်တည်ရဲတဲ့အကြောင်း၊ ပညာရဲရင့်ပွဲ လယ်တင့်ရတဲ့အကြောင်းပညာရှိသူကို အများကမြတ်နိုးပူဇော်ချီးမြှင့်မြှောက်စားကြတဲ့အကြောင်း သင်ခန်းစာတွေရရှိပါလိမ့်မယ်။

သည်တစ်လတော့... သည်မျှပါပဲ။ နောက်လကျမှပုံပြင်သစ်ကလေးတွေ ဖတ်ရှုကြပေါ့နော်။

ကလေးတို့ ရွှင်လန်းချမ်းမြေ့ကြပါစေ။

နန္ဒာမိုးကြယ်

# ဂါလီဗာခရီးစဉ်

ဂါလီဗာဟာ ရေတပ်သင်္ဘောတစ်စင်းက ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်။ သူ့သင်္ဘောက နိုင်ငံရပ်ခြားဆိပ်ကမ်းတွေကို လှည့်ပတ်သွားလာနေရတယ်။

တစ်ည သူ့ အိမ်ပြန်ခရီးမှာ သင်္ဘောက မုန်တိုင်းထဲမှာဖြတ်သန်းရွက်လွှင့်ရတယ်။ လေပြင်းနဲ့လှိုင်းလုံးကြီးတွေက သင်္ဘောကိုတစ်စစီချိုးဖဲ့ပစ်လိုက်တယ်။ အားလုံးသင်္ဘောပေါ်ကနေလွင့်စင်ကျကုန်တယ်။

အချို့က အသက်ကယ်လှေတွေပေါ်ရောက်အောင်လုပ် နိုင်ပေမယ့် တချို့ကတော့ ကံမကောင်းကြဘူး။ ဂါလီဗာက ရွက်တိုင် ကျိုးတစ်ခုကိုဖက် တွယ်ပြီးသူ့ကိုယ်သူအသက် ရှင်အောင်ကြိုးစားရတယ်။

မိုးသောက်ချိန်မှာမုန်တိုင်းက ငြိမ်သက်သွားပြီး ဂါလီဗာက သူမသိတဲ့ကမ်းခြေတစ်ခု ပေါ်တင်နေပါတယ်။ သိပ်ပင်ပန်းနေတော့ ကမ်းခြေမှာ သူအိပ်ပျော်သွားတယ်။

သူမသိဘဲရောက်နေတဲ့ကျွန်းက လူသေးသေးလေးတွေနေတဲ့ လီလီပွတ်ကျွန်းပါ။ ဒီကျွန်းသားတွေရဲ့ အရပ်ကခြောက်လက်မထက်မကျော်ပါဘူး။ သူတို့လူစုကြီးက ကမ်းခြေမှာ စုစည်းနေကြတယ်။ အိပ်နေတဲ့ လူအကြီးကြီးကိုစောင့်ကြည့်နေကြတယ်။ သူ့အရွယ်အစားကိုကြောက်ဝေ့ပြီး မထနိုင်အောင်တုတ်နှောင်ထားဖို့ဆုံးဖြတ်ကြတယ်။

သူတို့က ကြိုးတွေစု ပြီးဂါလီဗာပတ်ပတ်လည်ကိုတုတ်နှောင်ကြတယ် သူ့ကိုကမ်းခြေကနေထလို့မရအောင်လုပ်ကြတယ်။ နောက်တစ်နေ့မနက် ဂါလီဗာ နိုးလာတဲ့အခါကျတော့သူထလို့မရတော့ဘူးပေါ့။ ထဖို့ကြိုးစားရင်း ဘေးပတ်ဝန်းကျင်ကိုကြည့်ချိန်မှာ လူသေးသေးလေးတွေ အများကြီးတွေ့တော့ သူအံ့သြထိတ်လန့်သွားတယ်။ တစ်ချို့က သူ့ကိုယ်ပေါ်တက်လာကြပြီး တစ်ချို့က လက်နက်တွေကိုင်လာကြတယ် ဂါလီဗာက အော်တယ် “ ငါ့ကိုသွားခွင့်ပြုပါ”



သူ့အသံကျယ် ကြီးက လီလီပွတ်ကျွန်းသားတွေလန့် ပြီးပြေးသွားစေတယ်ခဏကြာတော့ ဂါလီဗာ ရုန်းမထနိုင်တာကြည့်ပြီး သူတို့ပြန်လာကြတယ်

ဂါလီဗာအနားမှာ ရွှေ့ လို့ရတဲ့စင်္ကြန်တစ်ခုကိုလာထားကြတယ်။ အဆင့်မြင့်မြင့်ဝတ်ထားတဲ့ကျွန်းသားတစ်ယောက်က အပေါ်တက်လာပြီး “ကိုလူစိမ်း . . . ကျုပ်ကလီလီပွတ်ကျွန်းရဲ့ဘုရင်ပါ။မင်းကိုဘယ်အရာကဒီနေရာထိ သယ်လာခဲ့သလဲ” လို့မေးပါတယ်။

ဂါလီဗာက သူပြောတဲ့စကားကိုနားမလည်ဘူး။ သူကဆာနေတော့ ဆာနေကြောင်း သိအောင်ပြတယ်။ ဘုရင်ကသူ့ လူတွေကို အစားအစာ ပြင်ဆင်ဖို့ပြောတယ်။ ဂါလီဗာစားဖို့အတွက် သူတို့အနေနဲ့ အများကြီးလုပ်ကြရတာပေါ့။ အချို့ကသစ်သီးတွေ စုဆောင်းပြီး အချို့က ပုံးတွေနဲ့ရေတွေသယ်လာကြတယ်။ အချို့က ကိတ်မုန့်တွေပေါင်မုန့်တွေဖုတ်ကြတယ်။ ဆိတ်တွေ ကြက်တွေအများကြီးနဲ့ ဂါလီဗာစားဖို့ချက်ကြရတယ်။

အစားစားပြီးတော့ ဂါလီဗာတစ်ရေးအိပ်ပြန်တယ်။ ဂါလီဗာက ယဉ်ကျေးသိမ်းမွေ့တာကိုသတိပြုမိကြတယ်။ ဒါနဲ့ သူ့ကိုခေါ်ထားဖို့ သူတို့ဆုံးဖြတ်ကြတယ်။ကြီးမားတဲ့ကွပ်ပျစ်ကြီးတစ်ခုတည်ဆောက်ကြလို့ ပြီးတဲ့အခါ အိပ်နေတဲ့ဂါလီဗာကို တင်ပြီးသူတို့ရဲ့ မြို့တော်ကိုခေါ်သွားကြတယ်။

မြို့တော်ကို သူတို့ရောက်တဲ့အခါ ဂါလီဗာ့ကိုချည်ထားတဲ့ကြိုးတွေကိုဖယ်ရှားလိုက်တယ်။ ဘုရင်က ဂါလီဗာ့ကိုကွပ်ပျစ်က ရွှေ့ပြီးမြို့တော်တံတိုင်းမှာ သံကြိုးနဲ့ ထိန်းထားဖို့ အမိန့်ပေးတယ်။ ဒါဟာ ဂါလီဗာကသူပြည်သူတွေကို ထိခိုက်အောင်မလုပ်မိစေဖို့ကာကွယ်တာဖြစ်တယ်။

ဘုရင်က တော်ဝင်အပ်ချုပ်ဆရာကို ဂါလီဗာ့အတွက် အဝတ်ချုပ်ပေးစေတယ် နောက်တစ်နေ့ အဝတ်သစ်တွေရပြီးချိန်မှာ ဘုရင်က ဂါလီဗာ့ဆီအလည်လာတယ် အဝတ်သစ်တွေရလို့ ဂါလီဗာကပျော်နေပါတယ်။ အဝတ်တွေက သက်သောင့်သက်သာရှိပြီးသူနဲ့ အနေတော်ပဲ။ ကြည့်လို့လည်းကောင်းသတဲ့ သံကြိုးနဲ့ ချည်ထားတဲ့အတွက်တော့ ဂါလီဗာ ကစိတ်မချမ်းသာဘူးပေ့ါ။ သူကဘုရင့်ကို တောင်းဆိုကြည့်တယ်။

“ကျွန်တော့်ကို လွှတ်ပေးပါဗျာ ခင်ဗျားရောတိုင်းသူပြည်သားတွေရောတစ်ယောက်မှ မထိခိုက်စေဖို့ ကတိပေးပါတယ်” ဘုရင်ကအတန်ကြာစဉ်းစားပြီး ဂါလီဗာ့တောင်းဆိုချက်ကိုသဘောတူလိုက်တယ်။ ဂါလီဗာက မြို့တော်ထဲမှာသူ့ကို မြင်ဖူးရမယ်ဆိုတဲ့ အထိထင်ရှားလာတယ်။ ဒီလောက်ကြီးတဲ့လူသားကို တစ်ခါမှ မတွေ့ဖူးကြတော့ သူ့ကို လူအများကြီးက လာကြည့်ကြတယ်။

လီလီပွတ်ကျွန်းသားတွေက ဂါလီဗာ့ကိုသူတို့ ဘာသာစကား သင်ပေးကြတယ်။ သူတို့က ဂါလီဗာ့ ကိုခင်ကြတယ်။ ကျွန်းသားတွေက သူနေဖို့ အိမ်ကြီးတစ်လုံးတောင် ဆောက်ပေးကြတယ်။ သူတို့နဲ့နေရတာ ဂါလီဗာပျော်တယ်။ သူကလည်းသူတို့အပေါ် ညင်ညင်သာသာ နူးနူးညွံ့ညွံ့ဆက်ဆံတယ်။ ဂါလီဗာက သူသွားခဲ့တဲ့ခရီးတွေအကြောင်း ပြောပြတယ်။



လီလီပွတ် ကျွန်းသားတွေက သူ့ဖိနပ်လမ်းတွေနားထောင်ဖို့လာကြတယ်။ သူတို့တွေက သူ့ သူငယ်ချင်းတွေ ဖြစ်လာကြတယ် ကလေးတွေတောင် ဂါလီဗာ့ကိုနှစ်သက်ကြသတဲ့။ ကျွန်းသားတွေနဲ့နေရတာ အဆင်ပြေပေမယ့် ဂါလီဗာကအိမ်ကို သတိရနေတယ်။ အိမ်ကိုဘယ်လို ပြန်ရမလဲဆိုတာသူတွေးနေတယ်။

သိပ်မကြာခင်မှာ ပင်လယ်ကမ်းစပ်နားကို လှေကြီးတစ်စင်းမျောလာနေတာ သူတွေ့တယ်။ သူက လှေဆီကိုရေကူးသွားပြီးကမ်းစပ်ထိဆွဲလာခဲ့တယ်။ လှေက ရေဝင်နေပေမယ့်ပြုပြင်လို့ရနိုင်သေးတယ်။ ဂါလီဗာကလီလီပွတ်ဘုရင်ဆီကလှေပြင်ဆင်ခွင့်တောင်းတယ်။ သူ့အိမ်ပြန်ချင်တဲ့ဆန္ဒကိုလည်း ပြောပြတယ်လေ။ ဘုရင်က ဂါလီဗာလှေပြင်ရာမှာ ကူညီကြဖို့ သူ့အလုပ်သမားတွေကို အမိန့်ပေးတယ်။ အားလုံးကြိုးကြိုးစားစားလုပ်ကြတော့ မကြာခင်မှာ လှေပြင်တာပြီးသွားတယ်။ လီလီပွတ်ကျွန်သားတွေရဲ့ သနားကြင်နာမှုနဲ့ လှေပြင်ရာမှာ သူ့ကိုကူညီပေးတဲ့အတွက် ဂါလီဗာက သိပ်ကိုကျေးဇူးတင်နေတယ်။ အခုသူအိမ်ပြန်ဖို့ အဆင်သင့်ဖြစ်နေပြီးလေ။



သူအထုပ်အပိုးပြင်ပြီးတဲ့အခါ ဘုရင်ကသူ့အတွက်အစားအစာနဲ့ လမ်းခရီးအတွက်လိုအပ်မယ့် ဟာတွေ ထောက်ပံ့ပေးတယ် ဒါဟာသူတို့ကို နှစ်သက်တဲ့ ရောမလူသားကြီးအတွက် သူတို့ရဲ့ လက်ဆောင်ပေါ့။ လေကလည်းမှန်မှန်တိုက်နေတာမို့ ဂါလီဗာက သူ့အပြန်လမ်း အတွက်ကောင်းကောင်းရွက်လွှင့်နိုင်ခဲ့တယ်။ အတော်ကြာကြာရွက်လွှင့်အပြီးမှာ ကုန်သည် သင်္ဘောတစ်စီးက သူလှေကိုတွေ့သွားတယ်။ ကျန်သေးတဲ့သူ့အိမ်ပြန်ခရီးအတွက်သူတို့က သူ့ကိုခေါ်တင်သွားကြပါတော့တယ်။

အခွင့်အရေးတွေ၊ ပြိုင်ဆိုင်မှုတွေပြည့်နေတဲ့ ကလေးတွေရဲ့အနာဂတ်မှာ သန်စွမ်းကျန်းမာပြီး
ထူးချွန်ထက်မြက်အောင် ပြင်ဆင်ပေးဖို့ ... **ဒီနေ့ပဲ နယူထရိုပလက်(စ်) နဲ့ အစပြုလိုက်ပါ။**

နယူထရိုပလက်(စ်) **Nutroplex®** တွင် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရန် အတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်ဓာတ်များ၊
သတ္တုဓာတ်များအပြင် သံဓာတ်နှင့် လိုင်စင်းဓာတ်တို့ပါဝင်သဖြင့် ...

- ခန္ဓာကိုယ်သန်စွမ်းဖွံ့ဖြိုးစေသည်။
- ဉာဏ်ရည်ကို တိုးတက်ထက်မြက်စေသည်။
- အစားများများစားချင်စိတ်ကို ဖြစ်ပေါ်စေသည်။

## သန်စွမ်းထက်မြက် အနာဂတ်အတွက် နယူထရိုပလက်(စ်)

UNITED PHARMA
*Serving Your Healthcare Needs*